


# တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ရောက်စေချင်လို့

## သေမင်းတမန်

(၂၈၇)

ဟောကြားသည့်နေ့
၁၅ – ၈ – ၁၉၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၉) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

0292
THITSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ရောက်စေချင်လို့

## (သေမင်းတမန်)

ဟောကြားသည့်နေ့
( ၁၅ - ၈ - ၁၉၆၁ )

[library stamp]

စာမူခွင့်ပြုချက်အမှတ် - ၂၄/၉၈ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၃/၉၈ (၁၁)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

(က)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက် နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့် တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

ပြီးတော့ ဝိဇ္ဇောဓရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍာပ်တစ်လုံးပဲ၊ မဏ္ဍာပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ဓမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

## (၀)

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော် တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူ ပွဲနဲ့တန်အောင် ဉပုသ်ဆို ဉပုသ်တရားနဲ့တန်အောင် သင့်လျော် အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအား ထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင် တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင် လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ် က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွား တာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာ ဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္ထရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မဂ်ဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြုံးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီးကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။

၅။ ဓမ္မပသန္ဒဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာမှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာသညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟင်္သာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူ သည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြား ထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ် ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြား တော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄

ဆရာဦးစောလှိုင်
အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ရောက်စေချင်လို့

(သေမင်းတမန်)

ဟောကြားသည့်နေ့ (၁၅-၈-၆၁)

## တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ရောက်အောင်လို့

အားလုံး တရားနာလာကြတဲ့ ဒကာ ဒကာမတွေ ဘုန်းကြီးများကလည်း တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ရောက်အောင် ဟောလိုတဲ့ ဆန္ဒပြင်းပြလို့ အပင်ပန်းခံပြီး သကာလ၊ ဒကာ ဒကာမတွေကို ကယ်ယူနေတယ်ဆိုတာလဲ စိတ်ချလက်ချမှတ်ပါ။ ဒကာ ဒကာမတွေကလဲ ဪ-ငါတို့ဟာ တရားတော့ နာပြီ။ ငါတို့ဒုက္ခ ငါတို့ ကျွတ်ဖို့ရာဟာ ငါတို့ အရေးကြီးလို့ ငါတို့အလုပ် ငါတို့လုပ်နေတာ

လို့ဆိုပြီးသကာလ ကျပ်တယ်၊ အိုက်တယ်၊ လူတွေက များလွန်းတယ်၊ ခဲယဉ်းလိုက်တာဆိုတာတွေဘက် မလှည့်ဘဲနဲ့ ကိုယ့်ဒုက္ခကျွတ်ဖို့အရေး ကိုယ်ကြိုးစားနေတာဆိုပြီးသကာလ လူကျပ်လေလေ ခန္ဓာကြီးထဲမှာ ဒုက္ခရှိတာ ပေါ်လေလေ . . . (မှန်ပါ)။

ဒကာကြွယ် ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ လူတွေက တိုးဝှေ့နေရလေလေ၊ ဒုက္ခသစ္စာကြီးက အရင်ထက် ထင်ရှားလေလေဆိုတာ ပေါ်လာတယ် . . . (မှန်ပါဘုရား)။

## သစ္စာဉာဏ်ရပါလိမ့်မယ်

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာဒုက္ခသစ္စာကို၊ ဒီအတိုင်း တစ်ယောက်တည်းနေတဲ့အခါ ဒါလောက်မပေါ်ဘဲနဲ့ အားလုံးရဲ့ အငွေ့တွေနဲ့၊ ကျပ်တည်းကျဉ်းမြောင်းတာတွေနဲ့ ကြည့်လိုက်တဲ့အခါကျတော့မှ ဩော်. . . ဒီခန္ဓာကြီးဟာ သူများက ဒုက္ခပေးတာမဟုတ်ဘူး၊ သူ့အထဲမှာ ပူတဲ့ ဓာတ်တွေက အပူလောင်တာပဲ. . .။ သူ့အထဲ ညောင်းတတ်တဲ့ ဝေဒနာတွေပေါ်လို့ ဒီဝေဒနာတွေကြောင့် ညောင်းတာပဲဆိုပြီးသကာလ ဒုက္ခသစ္စာလဲကြည့်၊ ဒုက္ခသစ္စာကို ဆရာဘုန်းကြီး၊ ပြောတာကိုလဲ ဒကာ ဒကာမတွေက ဉာဏ်နဲ့ဦးတည်။ ဘုန်းကြီးပြောတာနဲ့၊ ဉာဏ်က ပြောတာနဲ့ နှစ်ခုကိုက်သွားလို့ရှိရင်ဖြင့် သစ္စဉာဏ်ရပါလိမ့်မယ်ဆိုတာ ဒကာကြွယ် မှတ်ရမယ် . . . (မှန်ပါ)။

ခန္ဓာကလည်း ဒုက္ခသစ္စာပဲ ပြောပါလိမ့်မယ်၊ ဉာဏ်ကလဲ ဒကာ ဒကာမတွေက ဩော်-ဒုက္ခသစ္စာမို့ ဒုက္ခမှတစ်ပါး ဘာမှ မရှိလို့ ညောင်းတာတွေ၊ ကိုက်တာတွေ၊ ခဲတာတွေ၊ အိုက်တာ တွေ၊ ပူတာတွေ ပေါ်လာတာဟာ သူများကြောင့်လို့ ထင်ပြီး သကာလ မနေဘဲနဲ့ ခန္ဓာထဲက ပေါက်ပွားလာတဲ့ ဓမ္မတွေပဲဆိုပြီး သကာလ ခန္ဓဒုက္ခသစ္စာကို ဉာဏ်နဲ့ကြည့်ပြီး သကာလ ဘုန်းကြီး က၊ ခန္ဓာက ဒုက္ခသစ္စာဆိုတော့ ဒကာ ဒကာမတွေက ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး ဉာဏ်က ဟုတ်ပေသားပဲဆိုတာ လိုက်ရုံပဲ . . . (မှန်ပါဘုရား)။

## ခန္ဓာက ဒုက္ခသစ္စာ

ခန္ဓာက ဒုက္ခသစ္စာနော်. . . (မှန်ပါ)၊ ခန္ဓာက ဒုက္ခသစ္စာကို ဉာဏ်က ဩော်. . . ဟုတ်သားပဲ၊ ဆရာဘုန်းကြီးပြောတာနဲ့၊ ခန္ဓာက ပြောနေတာနဲ့ တစ်ထပ်တည်းပဲဆိုလို့ရှိရင် သစ္စာဉာဏ် ဆိုတာ ရသွားပြန်လို့ရှိရင်လည်း ဒကာ ဒကာမတို့ သာသနာတွင်း တရားနာထဲ ရောက်သောကြောင့် ပဋိစ္စသမုပါဒ် ပြတ်သွားပါ တယ်. . . (မှန်ပါ)။ ပဋိစ္စသမုပါဒ်ပြတ်သွားလို့ရှိရင်လည်း ပဋိစ္စသမုပါဒ်က အရင်သီတင်းက ဝေသလို ခန္ဓာဟာ ၂-နံပါတ် ထဲမှာ ခန္ဓဒုက္ခသစ္စာရှိတာကို၊ ဒုက္ခသစ္စာလို့ သစ္စဉာဏ်ဖြင့် သိလိုက်ပြီဆိုမှဖြင့် အဆက်ကလေးပြတ်သွားပြီး တတိယနံပါတ်

ကို မကူးဘဲနဲ့ ဩော်-သစ္စဉာဏ်ဟာ တတိယသမုဒယသစ္စာချုပ် စေပါလားဆိုတာ ပေါ်လာတယ်. . . (မှန်ပါ)။

## ဒီဒုက္ခခန္ဓာက ယူလာတာ

အဲဒါကြောင့် နောက်လည်း ထောက်ပြီးသကာလ ဒကာ ဒကာမတွေကို ပြပ့်မယ်၊ အခု ရှေးဦးစွာ ဒကာ ဒကာမတွေကို အိုက်တယ်၊ ကျဉ်းမြောင်းတယ်၊ ကျဉ်းကျပ်တယ်၊ ပန်ကာလေး တွေတောင် မတိုးနိုင်ဘူး။ ဒါလောက်တောင်လည်း များပြားပြီး သကာလနေတော့ လူများလို့ ဒုက္ခရောက်တာလား. . . တဲ့။ ခန္ဓာက ဒုက္ခသစ္စာမို့ ဒုက္ခပြောတာလားဆိုရင် ဘယ့်နှယ်ဖြေပြ မလဲ . . . (ခန္ဓာက ဒုက္ခသစ္စာမို့ ဒုက္ခပြောတာပါဘုရား)။

ခန္ဓာက ဒုက္ခသစ္စာမို့ ဒုက္ခလို့ပြောတော့ ဩော်. . . ဒါဖြင့် ဒီဒုက္ခဟာ ဘယ်သူယူလာတုံးမေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ခန္ဓာယူလာတာလို့ မှတ်လိုက်ပါ. . . (မှန်ပါ)။

ဒီဒုက္ခဟာ ဘယ်သူယူလာပါလိမ့်. . . (ခန္ဓာယူလာပါ တယ်ဘုရား)၊ ခန္ဓာယူလာလို့ ခန္ဓာထဲမှာ ပါလာတာပေါ့။ အိုက်တတ်တဲ့ တရားလည်း ခန္ဓာထဲမှာ၊ ပူတတ်တဲ့ တရားလည်း ခန္ဓာထဲမှာ၊ ညောင်းတတ်တဲ့ တရားကလည်း ခန္ဓာထဲမှာ လာတာ ပဲ. . . (မှန်ပါ)။ အဲဒီတော့ ဒီခန္ဓာကြီးကို ဘာသစ္စာလို့ ဒကာ ဒကာမတွေက ဆိုကြမလဲ. . . (ဒုက္ခသစ္စာပါဘုရား)။

## သိတာက တစ်မျိုး၊ ညည်းတာကတစ်မျိုး

အဲဒီ ဒုက္ခသစ္စာကြီးကို ဒုက္ခသစ္စာလို့ သိတာကတစ်မျိုး၊ ဒုက္ခရောက်လိုက်တာလို့ ညည်းတာကတစ်မျိုး. . . (မှန်ပါ)၊ ညည်းတာက ဒေါမနဿလိုက်တာ။ သိတာက သစ္စဉာဏ်လိုက်တာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အဲဒီတော့ သစ္စဉာဏ်သာလိုက်၍ ညည်းလုံးမထုတ်ပါနဲ့ ဆိုတာ တရားတစ်ပွဲလုံး တောင်းပန်လိုက်ပါတယ်. . . (မှန်ပါ)၊ ညည်းရင် ခန္ဓာကြောင့် ဒေါသ၊ သောက လာလိမ့်မယ်။ သစ္စာသိလို့ရှိရင်ဖြင့် ခန္ဓာကပေါ်တဲ့ ဒုက္ခတွေပဲလို့ သိလို့ရှိရင်ဖြင့် သစ္စဉာဏ်လာလို့ ဒုက္ခဒေါမနဿချုပ်ပါလိမ့်မယ်. . . (မှန်ပါ)။

## ဒုက္ခသစ္စာလို့ သိသိပေးနေပါ

အဲဒါကြောင့် အားလုံး ဒကာ ဒကာမတွေ အပင်ပန်းခံပြီး သကာလ လာတာ၊ အပင်ပန်းခံပြီးသကာလ တရားနာတာတွေ သည် ကားလို့ဆိုရင် ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်လို့ နာတာဖြစ်လေ သောကြောင့် ဒီဒုက္ခမဖြစ်လောက်ဘူးဟော့။ အပါယ်ဒုက္ခသိမ်း ချင်လို့ လာတာဖြစ်နေတော့ ဒကာ ဒကာမတို့ သစ္စဉာဏ်နဲ့ သိမ်းမဟာဆိုပြီး ခန္ဓာက ပူတိုင်း၊ အိုက်တိုင်း၊ ညောင်းတိုင်း၊ ညာတိုင်း ဒုက္ခ သစ္စာလို့သာသိသိပြီး နေပေးပါဆိုတာကိုလည်း တရားမဟောခင် ဘုန်းကြီးက မေတ္တာရှေ့ထားပြီး မှာကြား တယ်ဆိုတာ မှတ်လိုက်ပါဦး. . . (မှန်ပါ)။

## တရားနှစ်လုံးသွင်းကြ

ကိုင်း-တရားနှလုံးသွင်းကြ၊ တရားနှလုံးသွင်းကြ ဒကာ ဒကာမတွေ။

ဒေသနာ ဉာဏာနုသာရေန ဉာဏံ ပေသေန္တဿ ဉာဏုတ္တရဿ ဟောတိ။

ဒေသနာဉာဏာနုသာရေန-ဘုန်းကြီးဟောတဲ့ ဒေသနာ ဉာဏ်-ဟောတဲ့ဉာဏ်ကို အစဉ်လျှောက်သဖြင့်၊ ဉာဏံ- မိမိ ဉာဏ်ကို၊ ပေသေန္တဿ-ခန္ဓာထဲ၌ သွတ်သွင်းသဖြင့်. . . ။ ဘုန်းကြီးက ဟောလိုက်တယ်နော်. . . (မှန်ပါ)။ ခင်ဗျားဉာဏ်က ခန္ဓာထဲသွင်းပါ။

ဘုန်းကြီးကဖြင့် ဟောလိမ့်မယ်တဲ့။ ဒကာ ဒကာမတွေက ဟောတဲ့ တရားကို ခင်ဗျားတို့ ဉာဏ်နဲ့ ဘယ်အထဲသွင်းရမတုံး . . . (ခန္ဓာထဲသွင်းရပါမယ်ဘုရား)။

## ဉာဏ်ကို ခန္ဓာထဲ လွှတ်ပေးပါ

ခန္ဓာထဲ သွင်းလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဩော်. . . ခန္ဓာသည်ကားလို့ဆိုလို့ရှိရင်၊ ဆင်းရဲတာက အမှန်ဆိုတဲ့ ဥစ္စာကိုဖြင့်တဲ့၊ တွေ့တဲ့ ပုဂ္ဂိုလ်လည်း ဆင်းရဲတာ အမှန်တွေ့တာပဲ။ အိုက်တာ၊ ပူတာ၊ ညောင်းတာ၊ ညာတာတွေ့လို့ရှိရင်လည်း ဆင်းရဲတာ အမှန်တွေ့တာပဲ. . . (မှန်လှပါ)၊ အဲဒီကဲ့သို့ ဉာဏ်ကို ခန္ဓာကိုယ်ထဲ လွှတ်ပေးပါ. . . (မှန်ပါ)။

ဘုန်းကြီးကဟောတဲ့ တရားကို နားကထောင်ပြီး ဒကာ ဒကာမတွေ ဉာဏ်က ခန္ဓာထဲလွှတ်ပေးပါ. . . (မှန်ပါ)။

ဘုန်းကြီးဟောတာကို ဘယ်လိုလုပ်ကြမယ်. . . (နားကထောင်ရပါမယ်)၊ ဒကာ ဒကာမတွေ ဉာဏ်ကတော့ ဘယ်လွှတ်ရမတုံး. . . (ခန္ဓာထဲလွှတ်ရမယ်)။

ခန္ဓာထဲ လွှတ်လိုက်တဲ့အခါကျတော့ ဪ-ဘုန်းကြီးက ဟောတာကို နားကထောင်ပြီးသကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကိုယ့်ပင်ကို ပါလာတဲ့ ဉာဏ်ကလေးကို- ဒီဒေသနာနဲ့ စပ်ပြီးသကာလ ရတဲ့ဉာဏ်လေးကို ခန္ဓာထဲ လွှတ်လိုက်ကြစမ်းပါ. . . (မှန်ပါ)။

ခန္ဓာထဲ လွှတ်ပေးပါနော်. . . (မှန်ပါ)၊ ဘုန်းကြီးဟောတဲ့ တရားကို နားက ယူပြီးသကာလ ဘုန်းကြီးပေးတဲ့ ဉာဏ်ကလေး ကို ဒကာ ဒကာမတွေက ဘယ်အထဲ လွှတ်ရမလဲ. . . (ခန္ဓာထဲ လွှတ်ရပါမယ်)။

## လွှတ်ပေးလိုက်ရင် ဘာဖြစ်လာမတုံး

ခန္ဓာထဲ လွှတ်ပေးလိုက်တဲ့အခါကျတော့ ဘာဖြစ်လာ မတုံးဘုရားလို့. . . ဒကာ ဒကာမတွေက မေးတဲ့အခါ ကျတော့ ဉာဏ်ထက်လာပါလိမ့်မယ်. . . (မှန်ပါ)။

ဉာဏ်ခန္ဓာထဲလွှတ်ပေးလိုက်တော့ လွှတ်ပေးလိုက်တော့ ဘာဖြစ်လာမယ်ထင်ကြသတုံး. . . (ထက်လာပါမယ်ဘုရား)။

ဒါ့ကြောင့် ဒေသနာဉာဏာနုသာရေန-ဘုန်းကြီးဟော တဲ့ ဒေသနာကို အစဉ်လျှောက်သဖြင့်၊ ဉာဏံ-ဘုန်းကြီးပေးတဲ့ ဉာဏ်ကလေးကို၊ ပေသေန္တဿ-ခန္ဓာထဲ၌ သွင်းလိုက်သဖြင့်၊ ဉာဏုတ္တရဿ-ဉာဏ်ထက်လာသော ပုဂ္ဂိုလ်အား၊ ဒကာ ဒကာမတို့ ဘုန်းကြီးဟောတာ နားကထောင်ပြီးသကာလ ဉာဏ်ကပေးရပါတယ်။ အဲဒီဉာဏ်ကလေး ဘယ်အထဲ လွှတ်ကြ မယ်. . . (ခန္ဓာထဲ လွှတ်ရပါမယ်)။ ခန္ဓာထဲလွှတ်လိုက်တဲ့အခါ ဒီဉာဏ် ဘာဖြစ်လာမယ်ထင်ကြသလဲ. . . ထက်လာလိမ့်မယ် . . . (မှန်ပါ)။

## လွှတ်ပါများရင် ဉာဏ်ထက်လာမယ်

ထက်လာပြီးတဲ့အခါကျလို့ရှိရင်ဖြင့် ခဏခဏလွှတ် တော့-ခန္ဓာထဲမှာ ခဏခဏ ဉာဏ်ကလေးလွှတ်လိုက်တဲ့အခါ ကျတော့-ဘုန်းကြီးပေးတဲ့ ဉာဏ်ကလေးကို နားကယူပြီးသကာ လ ဝမ်းထဲ ဟဒယဝတ္ထုပေါ် ကနေပြီး သကာလ ခန္ဓာပေါ် ဉာဏ် လွှတ်လိုက်တဲ့အခါကျတော့-လွှတ်ပါများတော့ ဒကာသစ် ဘာဖြစ်မယ်ထင်သတုံး. . . (ဉာဏ်ထက်လာပါမယ်ဘုရား)။

## ထက်တဲ့ဉာဏ်က မဂ်ဉာဏ်ဖြစ်သွားမယ်

ဉာဏ်ထက်လာတဲ့ အခါကျတော့ ဉာဏုတ္တရသာ ဟောတိလို့ဆိုသဖြင့် တစ်ခါတည်းထက်တဲ့ ဉာဏ်ဟာ မဂ်ဉာဏ် ဖြစ်သွားပါလိမ့်မယ်. . . (မှန်ပါ)။

ဒါဖြင့် နာရင်းမတ္တနဲ့ ဒကာ ဒကာမတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် ရပါလိမ့်မယ်ဆိုတဲ့ တရားနာ နည်းကိုလည်း ဆရာဘုန်းကြီးက ယနေ့ အစ-စပြီး ပေးပါတယ် နော်. . . (မှန်လှပါ)။

ဘုန်းကြီးဟောတဲ့ တရားကို နားကယူပြီးသကာလ ဒကာ ဒကာမတို့ ဉာဏ်ထဲမှာ-ဝမ်းထဲရောက်အောင်သွင်းလိုက် . . . (မှန်ပါ)၊ သွင်းလိုက်တဲ့အခါကျတော့ ဝမ်းထဲမှာ ဉာဏ်ရှိတဲ့ နေရာ ရောက်သွားတော့ ဒကာ ဒကာမတွေ ပင်ကိုဉာဏ်နဲ့ ဘုန်းကြီး ဟောတဲ့ ဉာဏ်နဲ့ပေါင်းပြီးသကာလ ကိုယ့်ခန္ဓာထဲ ကိုယ်ပြန် လွှတ်လိုက်ပါ. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ကိုယ့်ခန္ဓာထဲ ကိုယ်ပြန်လွှတ်လိုက်တဲ့အခါကျတော့ ဉာဏ်ဘယ်လိုလာဖြစ်မယ်ထင်သတုံး. . . (ထက်လာပါတယ်)၊ ထက်လာလိမ့်မယ်နော်. . . ဒကာ ဒကာမတွေ မပူနဲ့. . . (မှန်ပါ)၊ ဉာဏ်တွေ အင်မတန် ထက်လာလိမ့်မယ်။

ထက်လာပြီဆိုမှဖြင့် ပင်ကိုလွှတ်စက ဉာဏ်သည် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်. . . (မှန်ပါ)။

## ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်

လွှတ်စကဉာဏ်သည်-(ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ပါဘုရား)၊ ဟုတ်တိုင်းမှန်စွာ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိတဲ့သစ္စဉာဏ်ဖြစ်လာတယ်. . . (မှန်ပါ)၊ နောက်လွှတ်ပါများလာတဲ့အခါကျတော့ ဉာဏ်မထက်ပေဘူးလား. . . (ထက်ပါတယ်)၊ ယထာဘူတ ဉာဏ်ရပြီးသည်၏ အခြားမဲ့၌ ဉာဏ်ထက်လာသောကြောင့် ဉာဏုတ္တရဿ ဟောတိ-ဆိုတဲ့အတိုင်း ဉာဏ်သည်ကားလို့ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဒုက္ခသစ္စာလို့ဘာမှမရောတော့ဘူး၊ သုခဆိုတာ နည်းနည်းမှ မပါတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက် ကျသွားလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ရှုရင်းမတ္တနဲ့ ခန္ဓာဒုက္ခတွေ ပျောက်ပြီးသကာလ နိဗ္ဗာန် ဒီနေရာပေါ်ပေါက်လာလိမ့်မယ်. . . (မှန်ပါဘုရား)၊ နိဗ္ဗာန်ဟာ အဝေးကြီးလားလို့မေးရင် ခန္ဓာနှင့်တစ်စပ်တည်း. . . (မှန်ပါ)၊ ခန္ဓာကိုဖောက်ထွင်းပြီးသကာလ ဒုက္ခသစ္စာကိုလည်း သိလိုက်ပါရောဒုက္ခ သစ္စာ အမှန်သိတဲ့ဉာဏ်က မဂ်ဉာဏ်တွေဖြစ်လာတော့ဒုက္ခက ဖျတ်ခနဲ ချုပ်သွားပြီး ဒကာ ဒကာမတို့ ဒီနေရာမှာဒုက္ခနိရောဓဆိုတာ ဒကာကြွယ် ဦးလှဖူးပေါ်လာတယ်. . . (မှန်ပါ)၊ ဒုက္ခနိရောဓပေါ်လာတာဟာ နိဗ္ဗာန်ပဲလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုန်းကြီးပြောတဲ့တရားကို နားကထောင်ပါ၊ ရတဲ့ ဉာဏ်ကလေး ဘယ်ကိုလွှတ်မယ်. . . (ခန္ဓာထဲလွှတ်ပါမယ်ဘုရား)။ များများလွှတ်လိုက်တော့ ဘာဖြစ်လာသတုံး. . . (ထက်လာပါတယ်)။

## ဒုက္ခစွန့်ချင်တဲ့သဘော

ထက်လာလို့ရှိရင်၊ အဲဒါသည်ကားဆိုလို့ရှိရင်ဖြင့် ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ ဉာဏ်ဖြစ်သောကြောင့် ထက်တာပဲ။ ထက်တဲ့ ဉာဏ်ဟာ ဒုက္ခပိုင်ပိုင်နိုင်နိုင်သိသွားသောကြောင့် ဒကာ ဒကာ မတို့ သိတဲ့ ပုဂ္ဂိုလ်ဟာ စွန့်ချင်တဲ့ သဘောကို မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒုက္ခမှန်းသိတော့ ခွေးသေကောင်ပုပ်ဟာ၊ ခွေးသေ ကောင် ပုပ်မှန်းသိတဲ့ အခါကျလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့ ယခုအနားမှာပဲ ထားတာမကြိုက်သလို၊ ယခုမမြင်ချင်သလို ယခုစွန့်ပစ်ချင်တဲ့ ဉာဏ်တွေ မလာပေဘူးလား. . . (လာပါ တယ်)၊ အဲဒါ ဉာဏ်ထက်လာတာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

## ဒါမဂ်ဉာဏ်အစစ်

ကဲ-သွားရှော့ကွယ်ဆိုပြီးသကာလ လွှတ်ရာပစ်လိုက်တဲ့ ဥစ္စာသည် ဒကာ ဒကာမတို့ ဒါမဂ်ဉာဏ်အစစ်ပါပဲ. . . (မှန်ပါ)။

ဒါ့ကြောင့် ဒကာ ဒကာမတို့ ဘုန်းကြီးဟောတဲ့ ဒေသနာကို ဟောတဲ့ ဉာဏ်ကို နားကယူပြီး ခန္ဓာထဲ ပို့ပေးစမ်းပါ . . . (မှန်ပါ)။

နားကယူပြီး ဘယ့်နှယ်လုပ်ကြမလဲ. . . (ခန္ဓာထဲပို့ရပါတယ် ဘုရား)၊ ခန္ဓာထဲ ဉာဏ်ကလေးပို့ပေးလိုက်. . . (မှန်ပါဘုရား)။

## ဉာဏ်ကို ဘယ်နေရာ လွှတ်ရမှာတုံး

အဲဒီပို့တဲ့ ဉာဏ်ကလေးဟာ နားကယူပြီး ခန္ဓာထဲ၊ ဝမ်းထဲရောက်သွားပြီး ဘုန်းကြီးပေးတဲ့ ဉာဏ်ကလေး. . . (မှန်ပါ)။ အဲဒီဉာဏ်ကလေးကို ဒကာ ဒကာမတွေက ဘယ်နေရာမှာ လွှတ်ရမတုံး. . . (ခန္ဓာထဲလွှတ်ရပါတယ်)၊ ခန္ဓာထဲ လွှတ်ပါများလာတော့ ဘာဖြစ်မယ်ထင်သတုံး. . . . (ဉာဏ်ထက်လာပါတယ်)။

ထက်လာတဲ့အခါကျလို့ရှိရင် အမှန်သိမဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်)၊ အမှန်သိဖြစ်တော့ ဒုက္ခကြီးကို သိမ်းပိုက်ချင်သလား. . . ။ သွားရောဟဲ့လို့ စွန့်ပစ်ချင်သလား. . . (စွန့်ပစ်ချင်ပါတယ်)။ စွန့်တဲ့ ဉာဏ်လည်း လာရော ဒကာ ဒကာမတို့ မဂ်ဉာဏ်ဖြစ်တာပဲ. . . (မှန်ပါ)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေ အခု တရား ပြောနေတာဟာ တရားနာနည်း ပြောပြီးသော်လည်း အလုပ်ပါ သွားတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါ)။

နားက ဘုန်းကြီးပြောတာ နားထောင်ပြီး သကာလ အဲဒီနားကနေပြီး ရတဲ့ အသိဉာဏ်ကလေး ဝမ်းထဲပို့လိုက်. . . (မှန်ပါ)။ ဝမ်းထဲပို့ပြီးသကာလ အဲဒီဉာဏ်ကလေး ဘယ်နေရာ လွှတ်ပေးကြမလဲ. . . (ခန္ဓာထဲ လွှတ်ပေးရပါမယ်)၊ ခန္ဓာထဲ လွှတ်စမ်းပါ. . . (မှန်ပါ)။

ခန္ဓာထဲ လွှတ်ပေးတဲ့အခါကျတော့ ခန္ဓာထဲမှာ ဒုက္ခ သစ္စာတွေ သူမြင်လာလိမ့်မယ်. . . (မှန်ပါ)၊ မြင်လာတော့ ထပ်ပြန်တလဲလဲ လွှတ်ပါများလာတဲ့အခါကျတော့ မုန်းပါ လိမ့်မယ်၊ စွန့်ချင်ပါလိမ့်ဆိုတာ မလာပေဘူးလား. . . (လာပါ တယ်)။ စွန့်လည်း စွန့်လိုက်ပါရော ဒကာ ဒကာမတို့ ဒုက္ခ ပျောက်ပြီးသကာလ နိဗ္ဗာန်ပေါ် ပေါက်လိမ့်မယ်. . . (မှန်ပါ)။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီအရေးကို တရားနာရင်း နိဗ္ဗာန်ရောက်တယ်ဆိုတဲ့ ဥစ္စာဟာ နာရုံနဲ့ ရောက်တာ မဟုတ်ဘူး. . . (မှန်ပါ)။

တရားနာလို့ နိဗ္ဗာန်ရောက်တယ်ဆိုတာက နာတာက နားကနာတာ။ နားက နာတဲ့အခါကျတော့ နားသက်သက်နဲ့ နိဗ္ဗာန်မှ မရောက်နိုင်ဘဲ. . . (မှန်ပါ)၊ နားက သောတဒွါရလို့

ခေါ်တယ်။ သောတဒွါရသက်သက်နဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး . . . (မှန်ပါ)၊ မနောဒွါရနဲ့မှ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ)။

## နားကနာပြီး ဝမ်းထဲထည့်လိုက်ပါ

အဲဒီတော့ နားကနာလို့ရတဲ့ အသိဉာဏ်ကလေးကို မနောထဲထည့် ဝမ်းထဲထည့်ပေးလိုက်. . . (မှန်ပါ)၊ ဘုန်းကြီးပေးတာနားကထောင်ပြီး မှတ်သားထားတဲ့ ဉာဏ်ကလေးကို ဒကာ ဒကာမတွေက ဝမ်းထဲထည့်လိုက်ပါ . . . (မှန်ပါ)၊ ဝမ်းထဲထည့်လိုက်တဲ့အခါကျတော့ အဲဒီရတဲ့ဉာဏ်ကလေးကို ဘယ်ပေါ် လွှတ်ကြမလဲ. . . (ခန္ဓာထဲလွှတ်ရမှာပါဘုရား)၊ ခန္ဓာပေါ် လွှတ်ပေးလိုက်စမ်းပါ. . . (မှန်ပါ)။

ခန္ဓာပေါ် လွှတ်ပေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ခန္ဓာက ပြောလိမ့်မယ်၊ ခန္ဓာက ကျုပ်ဟာ ဒုက္ခသစ္စာပါ၊ ဒုက္ခသစ္စာပါဆိုတာ ခန္ဓာက ပြောလိမ့်မယ်. . . (မှန်ပါ)။

အဲဒီတော့ ဉာဏ်က လွှတ်ထားတာကလည်း သူ့အပေါ် လွှတ်ထားတော့ ခန္ဓာက ဒုက္ခသစ္စာ ဟုတ်လား . . . (မှန်ပါ)။ လွှတ်လိုက်တဲ့ ဉာဏ်ကလေးကလည်း ထက်ထက်လာပြီး လောကီမဂ္ဂသစ္စာက ထက်ပါများလာတော့ လောကုတ္တရာ မဂ္ဂသစ္စာ မြင်လာတယ်. . . (မှန်ပါ)။

## အေးချမ်းတာမြင်တဲ့နိဗ္ဗာန်

လောကုတ္တရာ မဂ္ဂသစ္စာလည်းဖြစ်ပါရော ဒကာ ဒကာမ တို့မြင်တဲ့ ဒုက္ခကြီး ချုပ်ငြိမ်းသွားပြီးသကာလ ဟောဒီအလင်း ရောင်ဖြစ်တဲ့ - အေးချမ်းတာမြင်တဲ့ နိဗ္ဗာန်ကြီးကို ချက်ချင်းပေါ် တယ်. . . (မှန်ပါဘုရား)။

ဒကာကြွယ်ရေ - ဒီနေ့ ဒကာ ဒကာမတွေ တရားနာရင်း အားထုတ်ပုံ ပြောနေတယ်. . . (မှန်ပါ)။

ဘယ်လိုပြောနေတာပါလိမ့်. . . (တရားနာရင်း အားထုတ်ပုံပြောနေတာပါဘုရား)။

တရားနာရင်း အားထုတ်ပုံ ပြောနေတဲ့အတွက် ဒကာ ဒကာမတွေ မှတ်ထားတာက ဒကာကြွယ် လွဲသနော်. . . (မှန်ပါ)၊ ဘယ်သူ့တရားနာလိုက်တော့ တရားပွဲအဆုံး သောတာပန်တည်သွားသတဲ့ဆိုတော့ ဒကာသစ်တို့ မှတ်ထား တာက၊ သြော်-တရားနာရုံကလေးဟာလည်းတယ်ပြီး ကျေးဇူး များပါလား. . . (မှန်ပါ)၊ ဟောတဲ့တရားကို အဲဒီသောတာပန် တည်ချင်တဲ့ပုဂ္ဂိုလ်က နားကနာပြီး မှတ်ဉာဏ်ကလေးက ခန္ဓာ ထဲ ရောက်သွားတာ. . . (မှန်ပါ)၊ ရောက်သွားတဲ့ ဉာဏ်ကလေး ဟာ ခန္ဓာထဲမှာပဲ ပြန်လွှတ်လိုက်တယ်၊ မလွှတ်လိုက်ဘူးလား . . . (လွှတ်လိုက်ပါတယ်)၊ ခန္ဓာထဲ ဉာဏ်လွှတ်ပါများလာတော့ ဒီဉာဏ် ဘာဖြစ်သတုံး . . . (ထက်လာပါတယ်)၊ ထက်လာတဲ့

အခါကျတော့ ဒုက္ခအစစ်လို့ သူမသိပေးဘူးလား. . . (သိပါတယ်)၊ သိသည်နဲ့တစ်ပြိုင်နက်တည်း ဉာဏ်ထက်လို့ ဒုက္ခအစစ်လည်း သိပါရော ဒုက္ခတွေချုပ်ပျောက်သွားတယ်. . . (မှန်လှပါ)။

## နိရောဓသစ္စာ ပေါ်လာတယ်

ဒုက္ခတွေလည်း ချုပ်ပျောက်သွားပါရော ဒကာ ဒကာမတို့ ဒုက္ခအဆုံးမှာ ခန္ဓာနဲ့ တစ်စပ်တည်းနေတဲ့၊ ဒုက္ခသစ္စာနဲ့ တစ်စပ် တည်းနေတဲ့ နိရောဓသစ္စာက တစ်ခါတည်း ပေါ်လာတော့တယ်. . . (မှန်ပါ)။

ပေါ်လာတော့ကို ဩော်-ခန္ဓာအဆုံး နိဗ္ဗာန်ရှိတယ်ဆိုတာ၊ ဒုက္ခအဆုံး နိဗ္ဗာန်ရှိတယ်လို့သာ မှတ်လိုက်တော့. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေ မှတ်စရာက ဩော်-တရားနာရုံ သက်သက်နဲ့ နိဗ္ဗာန်ရောက်တာ မဟုတ်ပါလား၊ တရားနာရင်း ဉာဏ်ရ၊ ဉာဏ်ရလို့ ခန္ဓာပေါ်လွှတ်၊ ခန္ဓာပေါ်လွှတ်လို့ ဉာဏ်ကထက်၊ ထက်လို့သာလျှင် ဒုက္ခချုပ်၊ ချုပ်လို့ နိဗ္ဗာန်ပေါ်တာပဲ။ ဒီဟာမှ အမှန်ယူကြပါ. . . (မှန်ပါ)၊ သဘောပါကြပလား . . . (ပါပါပြီ)။

## အင်မတန်အဖိုးတန်ပါတယ်

ဒကာကြွယ်-ဒါကလေးဆုံးမရတာ ဒါကလေး သွန်သင်ရ

တာ သိပ်အဖိုးတန်သနော် . . . (တန်ပါတယ်ဘုရား)၊ အင်မတန် အဖိုးတန်ပါတယ်တဲ့။

ဒကာ ဒကာမတို့ တရားနာရင်း တရားအဆုံး နိဗ္ဗာန်ရောက်တာလား၊ ကိုယ့်ဉာဏ်ထက်လို့ နိဗ္ဗာန်ရတာလား။ ကိုယ့်ဉာဏ်ထက်လို့ နိဗ္ဗာန်ရတာလို့ သေသေချာချာမှတ်ပါ (မှန်ပါ)။

အဲဒါကြောင့် အဋ္ဌကထာ ဆရာများဖွင့်ထားတာက ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် (ဝါ) နားထဲသို့ ရောက်သဖြင့် ဉာဏ်-ဒကာ ဒကာမတွေရောက်တဲ့ ဉာဏ်ကို၊ ပေသေန္တဿ-ခန္ဓာပေါ်၌ လွှတ်သဖြင့် ခန္ဓာပေါ် လွှတ်ရဦးမယ်တဲ့ . . . (မှန်ပါ)။

## တရားနာနည်း

ဉာဏုတ္တရဿ-တဲ့၊ ခန္ဓာပေါ် လွှတ်လိုက်တဲ့အခါကျတော့ ပထမလွှတ်တဲ့ ဉာဏ်ထက် ဒုတိယလွှတ်တဲ့ဉာဏ်၊ တတိယလွှတ်တဲ့ ဉာဏ်တွေက ထက်ထက်သွားတယ် (မှန်လှပါဘုရား)၊ အဲဒီကဲ့သို့ ထက်ထက်သွားတော့မှ ဒုက္ခအစစ်သိပြီးသကာလ ဒုက္ခချုပ်ဆုံးတဲ့ဉာဏ်ပြီး နိရောဓဆိုတာ ဒုက္ခအဆုံးမှာ ပေါ်တာပေါ့ဗျာ . . . (မှန်ပါ)၊ အဲဒါကြောင့် တရားနာရင်း ဒုက္ခဆုံးတဲ့ဉာဏ် သူ့ဟာသူ လွှတ်လိုက်တာနဲ့ နိဗ္ဗာန်ကြီး ပေါ်လာတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အဲဒါ ဒါလောက် သေသေချာချာပြောတဲ့ ဆရာသမားနဲ့ မတွေ့တော့ အို. . . တရားတော့ သွားနာဦးမှာပဲ။ တရားနာ အဆုံး နိဗ္ဗာန်ရောက်တာတွေလည်း ဝတ္ထုတွေ အများကြီးပဲဆို တော့ ကိုယ့်အလုပ်မပါဘူး၊ တရားနာရုံနဲ့ ရတယ်လို့ ဒကာကြွယ် တို့ ထင်နေတယ်. . . (မှန်ပါ)၊ ဟုတ်ပါရဲ့လား. . . (မဟုတ်ပါ ဘုရား)။

## ဉာဏ်ကို ခန္ဓာထဲလွှတ်ပါ

ဒေသနာဉာဏ်ကို နားထဲက ယူပြီး ဒကာ ဒကာမတွေက ရတဲ့ ဉာဏ်ကလေး ကိုယ့်ခန္ဓာထဲ လွှတ်ရမယ်။ မလွှတ်ရဘူးလား . . . (လွှတ်ရပါတယ်)။ လွှတ်တဲ့အခါကျတော့ ဒီဉာဏ် ဘာဖြစ် လာမလဲ . . . (ထက်လာပါတယ်)၊ အဲ-ထက်လာတဲ့ခါကျတော့ မှ၊ ဒုက္ခ ပိုင်ပိုင်နိုင်နိုင်သိတော့မှ ဉာဏ်ထက်လို့ချုပ်တော့ ဉာဏ် ထက်တဲ့ပုဂ္ဂိုလ်မှာ နိဗ္ဗာန်ရောက်လာတယ်. . . (မှန်ပါ)၊ ပေါ်ကြ ပလား . . . (ပေါ်ကြပါပြီ)။

ဒါနဲ့ပဲ တရားနာနည်း ပြောရတာနဲ့ပဲ ဒကာကြွယ် နာရီဝက် နီးသွားပြီ၊ ရှိချင်ရှိပါစေ၊ ဒကာ ဒကာမတို့ ဘုန်းကြီးပြော တာ နားကထောင်ကြနော်. . . (မှန်ပါ)၊ ခင်ဗျားတို့ရတဲ့ ဉာဏ် ကလေး ဘယ်အထဲ လွှတ်ကြမတုံး. . . (ခန္ဓာထဲလွှတ်ရပါမယ်)၊ လွှတ်တော့ တစ်ကြိမ်ပဲ လွှတ်ပေးကြမလား၊ များများလွှတ်

ပေးကြမလား. . . (များများလွှတ်ပေးကြရပါမယ်)၊ များများ လွှတ်ပေးတော့ ဘာဖြစ်မလဲ. . . (ထက်လာပါမယ်)။

## ဒုက္ခကိုပိုင်ပိုင်သိတဲ့ဉာဏ်

အဲ-ဉာဏ်ထက်လာလို့ရှိရင်ဖြင့် ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိတဲ့ ဉာဏ်ထက်လာခြင်းကြောင့် ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် သိပါတယ်. . . (မှန်ပါဘုရား)၊ ပိုင်ပိုင်နိုင်နိုင်သိတဲ့အတွက် ဒုက္ခချုပ်ပြီးသကာလ အဲဒီထက်တဲ့ ဉာဏ်သည် နိရောဓဘက်သို့ ပြေးဝင်သွားတော့တယ်လို့မှတ်လိုက်. . . (မှန်လှပါ)၊ နိဗ္ဗာန် ဘက်ပြေးဝင်သွားတယ် (ဝါ) နိဗ္ဗာန်မြင်သွားတာပေါ့ . . . (မှန်လှပါ)၊ သိပ်အဖိုးတန်ပါကလား ဒကာကြွယ်ရေ . . . (တန်ပါတယ်ဘုရား)။

အဲဒီတော့ တရားနာပြီး သာဓုခေါ်ရုံ လုပ်ရမှာလား၊ ဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ လွှတ်နေရမှာလား . . . (ဉာဏ်နဲ့ခန္ဓာ ကိုယ်ထဲ လွှတ်နေရမှာပါ)။

## သာဓုခေါ်တော့အပါယ်မလား

ဒကာ ဒကာမတွေက ရှေးတုန်းကတော့ အို. . . သာဓု ခေါ်တဲ့ အကျိုးကလည်း ဘယ်ဘဝ၊ ဘယ်နှစ်ကမ္ဘာ အပါယ် မလားဘူးဆိုပြီး အပါယ်မလားတာကလေးအားကိုးပြီး သာဓု ခေါ်နေတယ်. . . (မှန်ပါ)။

ခင်ဗျားတို့က တရားဟောပုဂ္ဂိုလ်က ဂါထာကလေး ရွတ်လိုက်၊ ဂါထာကလေးကို အနက်ကလေးပေးလိုက် ပေးတာကလေး ခင်ဗျားတို့က သာဓုခေါ်တယ်ဆိုတော့ အပါယ်မလားရဲ့လောက်လုပ်နေတာ၊ နိဗ္ဗာန်မှရောက်အောင် မလုပ်ဘဲ (မှန်ပါ)။

## ခန္ဓာထဲဉာဏ်များများလွှတ်

ဒီလိုလုပ်ရမှာ မဟုတ်ပါဘူး၊ တကယ်အဖိုးတန်တာကို တကယ်ကိုင်ချင်ပြန်တယ်ဆိုရင်တော့ ဟောတဲ့ တရားကို နားကထောင်၊ ထောင်လို့ရတဲ့ ကိုယ့်ဉာဏ်ကလေး ခန္ဓာထဲလွှတ်။ ခန္ဓာထဲ များများလွှတ်တော့ ဉာဏ်ထက်၊ ဉာဏ်ထက်တဲ့အခါကျလို့ရှိရင် ဒုက္ခကို သေသေချာချာသိ၊ သိတော့ ဒုက္ခချုပ်သွားတယ်၊ ဒုက္ခချုပ်တဲ့နေရာ နိရောဓ ပေါ်လာ၊ အဲဒီလိုပေါ်လာတော့မှ မောင်ဘသော် ကိစ္စပြီးတယ်. . . (မှန်ပါဘုရား)။

ဒါဖြင့် သာဓုခေါ်နေရုံ လုပ်ဖို့လား၊ ကိုယ့်ခန္ဓာထဲဉာဏ်လွှတ်နေဖို့လား . . . (ကိုယ့်ခန္ဓာထဲ ဉာဏ်လွှတ်နေဖို့ပါဘုရား)။

သာဓုခေါ်တာ ကျေးဇူးမရှိဘူးလားဆိုတော့ အို. . . ကိုးကမ္ဘာ အပါယ်မလားတာလောက်သာရှိတယ်၊ နိဗ္ဗာန်တော့ မရဖူးသေးဘူး၊ ဉာဏ်လွှတ်နေလို့ရှိရင်ဖြင့် . . . (နိဗ္ဗာန်ရပါတယ်) ဒါဖြင့် သာဓုခေါ်ကြတော့မလား၊ ဉာဏ်ထဲလွှတ်ကြတော့မလား . . . (ဉာဏ်ထဲလွှတ်ပါမယ်ဘုရား)။

## သာခုလောက်နဲ့အချိန်ကုန်နေတယ်

ရှေးကတော့ သာခုကို တစ်တန်းကြီးခေါ်ပြီးသကာလ ဘုန်းကြီးက ဂါထာရွတ်လိုက်၊ အနက်ပေးလိုက်၊ သံနေသံထားနဲ့ ပြောလိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေကဖြစ်စေ၊ သီလရှင်တွေကဖြစ်စေ သာခုအနုမောဒနာခေါ်ပြီး သာခုခေါ်တာအပါယ်လေးပါး မလာဘူးတဲ့။ ဒါလောက်နဲ့ အချိန်ကုန်နေတယ် . . . (ကုန်ပါတယ်ဘုရား)၊ ကိုယ့်ဉာဏ် ခန္ဓာကိုယ်ထဲလွှတ်ရမယ်လို့ မယူကြဘူး. . . (မယူကြပါဘုရား)၊ အခုတော့ ဘယ့်နှယ်လုပ်ကြမယ်. . . (ကိုယ့်ဉာဏ်ခန္ဓာထဲလွှတ်ရပါမယ်ဘုရား)၊ ဟောတဲ့ တရားကိုနာပါ၊ နာလို့ရတဲ့ ဉာဏ်ကလေးကို . . . (ခန္ဓာထဲလွှတ်ရပါမယ်ဘုရား)၊ ဘယ်နှစ်ခါ လွှတ်ရမှာပါလိမ့် (အကြိမ်ပေါင်းများစွာ)၊ အကြိမ်ကြိမ်လွှတ်တော့ ဘာဖြစ်လာသတုံး . . . (ဉာဏ်ထက်လာပါတယ်ဘုရား)၊ ထက်လာတော့ ဒုက္ခဘာဖြစ်မယ်ထင်သတုံး. . . (ချုပ်ပါတယ်)၊ ဒုက္ခချုပ်ပြီး ဘယ်သူပေါ်လာမယ်ထင်သတုံး. . . (နိဗ္ဗာန်ပေါ်လာပါမယ်)။

နိရောဓပေါ်လာမယ်ဆိုတော့ ဩော်-ဒါဖြင့် တို့သာခုခေါ် နေတာက နိရောဓမပေါ်ဘူး. . . (မှန်ပါ)၊ ဒုက္ခလည်းမချုပ်ဘူး. . . (မချုပ်ပါဘုရား)၊ သာခုခေါ်ရုံမဟုတ်ဘဲ ခန္ဓာကိုယ်ထဲပဲ နှလုံးသွင်းပြီး ဉာဏ်ထက်အောင်လုပ်နေမဟ . . . ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လိုချင်တဲ့ နဂိုတုန်းက ဘုန်းကြီး

ဆုမပေးခင်က ခင်ဗျားတို့ ဩကာသဆိုကတည်းက ဝဋ်ဘဝ
တိုတိုနဲ့ နိဗ္ဗာန်ရရပါ လို၏လို့ ခင်ဗျားတို့ကပဲ အဝေးကြီးက
ဒါလုပ်ထားတယ်. . . (မှန်ပါ)၊ အပြီးသတ်တော့ ခင်ဗျားတို့က
နတ်ရွာသုဂတိရောက်ချင်တာနဲ့ ဇာတ်သိမ်းတယ်၊ ဘယ်ကလာ
ကောင်းမလဲ. . . (မှန်ပါ)၊ ကောင်းပါ့မလား . . . (မကောင်းပါ
ဘုရား)။

## သာစုခေါ်တာနဲ့နိဗ္ဗာန်မရ

ခင်ဗျားတို့ ဘုန်းကြီးလာတော့ ရောက်ရောက်ချင်းရှိခိုး
တော့ နိဗ္ဗာန်ရရပါလို၏ မပါဘူးလား. . . (ပါပါတယ်)၊ နို့-
သာစုခေါ်တာနဲ့ ဇာတ်သိမ်းတော့ နိဗ္ဗာန်ရပါ့မလား. . . (မရပါ
ဘုရား)၊ ဉာဏ်ကိုလွှတ်လိုက်လို့ရှိရင်တော့. . . (ရပါတယ်)၊
နိဗ္ဗာန်ရ မှာပဲဆိုတော့ ကိုယ် ပထမပြောတဲ့ စကားနဲ့၊ ဇာတ်သိမ်း
ကို ရောက်ချင်တဲ့အလုပ်နဲ့ ကိုက်မှ နေရာကျမယ်. . . (မှန်ပါ)
ဒကာသစ် သဘောပါပလား. . . (ပါပါပြီဘုရား)။

ကိုယ် ပထမရှိခိုးထားတဲ့ ဆုတောင်းသဘောနဲ့ ကိုယ့်
ဉာဏ်နဲ့ ကိုက်သွားလို့ရှိရင်တော့ နိဗ္ဗာန်မရပေဘူးလား. . .
(ရပါတယ်)။

## သာစုတန်းကာမနေပါနဲ့

အဲဒီတော့ သာစုမခေါ်နဲ့လို့ ဒကာကြွယ် ဟောတာ

မဟုတ်ဘူး၊ သာဓုခေါ်တာထက် ဉာဏ်ကို ခန္ဓာထဲလွှတ်တာက ပိုမိုပြီး ကျေးဇူးများတယ်လို့ ဟောတာ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အေး . . . ဒါကြောင့် သာဓုတန်းက မနေဘဲနဲ့ ဒကာ ဒကာမတွေ စိစစ်တဲ့ ဉာဏ်တန်းက နေစမ်းပါဆိုတာကိုလည်း ယနေ့ တောင်းပန်တယ်. . . (မှန်ပါ)။

ဒကာကြွယ် ဘာတဲ့တုံး . . . (စိစစ်တဲ့ဉာဏ်တန်းက နေရပါတယ်)၊ အဲ. . . ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကိုယ်ထဲ စိစစ် နေစမ်းပါ. . . (မှန်ပါ)။

## ဉာဏ်စိစစ်တဲ့အတန်းကနေပါ

သာဓုတန်းက မနေဘဲနဲ့ ဉာဏ်စိစစ်တဲ့အတန်းကနေပြီး နာကြလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ တရားပွဲအဆုံးမှာ ကိစ္စပြီးနိုင် ပါတယ် (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ကဲ . . . ဒါဖြင့် တရားစ, ကြပါစို့။ ဒကာ ဒကာမတို့ ရှေ့ပိုင်းမှာ ဒေဝဒူတသုတ်ကို ဟောမယ်၊ ဒေဝဒူတသုတ်ဆိုတာ က တခြားမဟုတ်ဘူး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်လာ တဲ့ အခါကျတော့ ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် ကြည့်လိုက်ပါတယ် နော်. . . (မှန်ပါ)။

## ဘုရားဟောတရားတော်

ဘုရားက သတ္တဝါတွေကို ယုံကြည်အောင် ဘာဟော လိုက်သတုံးဆိုတော့ အိမ်နှစ်အိမ် ယှဉ်ပြိုင်ပြီးသကာလ ဆောက် ထားတယ်၊ ငါက အလယ်ကြားက ထိုင်နေတယ်တဲ့။ အိမ်နှစ်အိမ် က အပေါက်တွေကို အတွင်းထားပြီးသကာလ ဆောက်ထား တယ် ဒကာကြွယ်ရေ၊ ဘုရားက အလယ်က ထိုင်နေတယ်. . . (မှန်ပါ)။

အဲဒီတော့ ဒီနှစ်အိမ်မှာ တစ်ပေါက်စီရှိပြီးသကာလ နေတော့ ဒီအိမ်ကလူ ထွက်သွားတယ်၊ ဒီအိမ်ကလူ ပြန်ဝင်လာ တယ်ဆိုတာလည်း အလယ်ကထိုင့်ကြည့်တော့ နှစ်အိမ်စလုံး မသိပေဘူးလား . . . (သိပါတယ်)။

အဲဒီလိုပဲဟော့ . . . တဲ့၊ ငါ ဘုရားဖြစ်တဲ့နေ့ကစပြီး ဒိဗ္ဗ စက္ခုဆိုတဲ့ ဉာဏ်ကြီး ငါရတဲ့အခါကျတော့ အပါယ်သွားတဲ့ ပုဂ္ဂိုလ်လည်း မြင်သကွ၊ သုဂတိသွားတဲ့ ပုဂ္ဂိုလ်လည်းမြင်သကွ၊ ကိုယ်တိုင်မြင်တာကို ပြောနေတာ . . . (မှန်ပါ)။

ကိုယ်တိုင်မြင်တာ သူပြောပြီးသကာလ လာတော့ ဒကာ ဒကာမတို့ ဘုရားက ငရဲခန်းဟောတဲ့အခါကျတော့ ပြောသံကြား တွေနဲ့ ဟောတာလား . . . ကိုယ်တိုင်မြင်ဟောတာလား . . . (ကိုယ်တိုင်မြင် ဟောတာပါ)။

## သေမင်းတမန်

ကိုယ်တိုင်မြင်တာဟောတော့ ငါကိုယ်တိုင်မြင်တာ ငါ ဟောမယ်ဆိုပြီး ဒေဝဒူတသုတ်ကိုဟောတယ်၊ ဒေဝ-ကနတ်ပေါ့ဗျာ၊ ဒူတက-တမန်၊ သေမင်းတမန်သုတ်ကို ငါဟောမယ် (မှန်ပါ) သေမင်းတမန်သုတ်ကို ကိုယ်တိုင်မြင်တာဟောမယ်တဲ့။

ပြောသံကြားလား - ကိုယ်တိုင်မြင်လား . . . (ကိုယ်တိုင်မြင်ပါဘုရား)။

ဒကာကြွယ် ယုံမှ ယုံရပ့်မလား . . . (ယုံရပါတယ်) ဘာကြောင့်တုံးဗျာ . . . (ကိုယ်တိုင်မြင်လို့ပါဘုရား)။

ဘုရားဖြစ်တဲ့နေ့ကစပြီး ကိုယ်တိုင်မြင်လို့ အိမ်နှစ်အိမ် ဆောက်ထားတယ်၊ ငါအလယ်ကထိုင်နေတော့ ဝင်တဲ့ပုဂ္ဂိုလ်လည်း သိတယ်၊ ထွက်တဲ့ပုဂ္ဂိုလ်လည်းသိတယ်ကွ။ အချိန်နာရီလည်း သိတယ်ကွဆိုပြီးကာလ ဒီဥပမာနဲ့ သူသေသေချာချာ ဒေဝဒူတသုတ်ကို ဟောပါတယ်. . . (မှန်ပါဘုရား)။

## ဒိဗ္ဗစက္ခုအမြင်နဲ့ပြောတာ

အဲဒီတော့ ပြောသံကြားနဲ့ ဒကာ ဒကာမတို့ကို အို-ငရဲခန်းမှာ တယ်ကြောက်စရာ ကောင်းတာကိုး၊ စာအုပ်ထဲ ဒီလိုပါပါ တယ်။ စာအုပ်ထဲ ဒီလိုပါတယ်ဆိုတာ သူများရေးထားတဲ့ တစ်ဆင့်စကား တစ်ဆင့်ကြားပြီးသကာလ ကူးတာလို့

မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ဘုရားက ငရဲကို ဟောတော့ မယ်ဆိုတာ ဒီလိုတစ်ဆင့်စကား တစ်ဆင့်ကြားပြီးသကာလ ဒီလို စာအုပ်တွေဖတ်ပြောတာလား. . . သူကိုယ်တိုင် ဒိဗ္ဗစက္ခုဆို တဲ့ မျက်လုံးနဲ့ အမြင်နဲ့ ပြောတာလား . . . (ဒိဗ္ဗစက္ခုအမြင်နဲ့ ပြောတာပါ)၊ ဒါဖြင့် ယုံကြည်ကြပါတော့၊ သူကိုယ်တိုင်မြင်လို့ ပြောတာ . . . (မှန်ပါ)။

## ငရဲထိန်းတွေက လာဖမ်းတယ်

ကဲ. . . ကွာ ငါမြင်တာငါပြောမယ်၊ မင်းတို့ သတိထား နားထောင်ကြဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည် ဟောတော်မူတယ်၊ ဘယ်လိုဟောသတုံးဆိုလို့ရှိရင်ဖြင့် လူတစ်ယောက် သေသွားတယ်ဆိုလို့ရှိရင် ငရဲထိန်းတွေက တစ်ခါတည်း လာဖမ်းတော့တာပဲ။ ကံပစ်ချလိုက်တော့ ငရဲရောက်သွားတော့ ငရဲထိန်းတွေ့တယ် . . . (မှန်ပါ)၊ ငရဲထိန်း တွေနဲ့ သွားတွေ့တော့ ဖမ်းတာပဲ. . . ဖမ်းပြီးသကာလ တရားသူကြီးနဲ့တူတဲ့ ယမမင်းကြီးဆီ ပို့လိုက်တာပဲ. . . (မှန်ပါ)။

## ယမမင်းထံပို့တယ်

လူ့ပြည်က ကံပစ်ချလို့ ရောက်သွားတဲ့ ငရဲသား တစ်ယောက်ကို ငရဲထိန်းကဖမ်းပြီး တရားသူကြီးနဲ့တူတဲ့ ယမမင်း

ထံ ပို့လိုက်တယ်·(မှန်ပါ)၊ ဒါကိုယ်တိုင် မြင်တာနော်. . . (မှန်ပါ)၊ ဘယ်သူမြင်ပါလိမ့် . . . (ဘုရားကိုယ်တိုင်မြင်တာပါဘုရား)။

အဲဒါ တစ်နေ့ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မေတ္တာ ရှေ့ထားပြီးသကာလ ဩော်-ဒီလမ်းကိုတော့ဖြင့် ဆရာဘုန်းကြီး ဟောတော့မှာပဲ . . .၊ ဘုရားဟောအတိုင်း ပြောတော့မှာပဲ၊ ဒီလမ်းကို ပိတ်ဖို့လည်း သူ သင်တာတော့ဖြင့် လိုက်မှ တော်မယ်. . . (မှန်ပါ)၊ ဒါကိုလည်း သေသေချာချာ စောစောစီးစီးက ဆုံးဖြတ်ချက် ချထားပါဆိုတာကိုလည်း ပြောရပါတယ်. . . (မှန်ပါ)။

ယမမင်းထံရောက်တဲ့အခါကျတော့ ယမမင်းကြီးက စစ်တယ်၊ အမောင် . . . ယောကျ်ားဖြင့် ယောကျ်ား၊ မိန်းမဖြင့် မိန်းမပေါ့ဗျာ. . . (မှန်ပါ)၊ ငရဲထိန်းတွေက ဖမ်းလာပြီး ဟောဒီလူဖြင့် ဘုရား၊ လူ့ပြည်မှာ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်လာခဲ့ပါတယ်၊ ကိုယ့်အရေးကိုယ်တာ မပါပါဘူး၊ ဒီပုဂ္ဂိုလ်စစ်ဆေးပါတယ်၊ ငရဲနဲ့ထိုက်တန်တယ်ဆိုတာ . . . (မှန်ပါ)။

## ၁။ ကလေးငယ်ကိုမြင်ဖူးသလား

ဒီတော့ စစ်ဆေးလိုက်တယ်၊ ရှေးဦးစွာ ယမမင်းက အမောင်လူသား . . . သင်သည်ကားလို့ဆိုလို့ရှိရင် လူ့ပြည်မှာ

ကလေးကလေး . . . တစ်ယောက်သောမိန်းမ မွေးလာတဲ့ ကလေးငယ်ကလေးများ မင်းမြင်ဖူးရဲ့လား . . . တဲ့၊ မေးလိုက်တယ် ယမမင်းကြီးက . . . (မှန်လှပါ)။

ဒါ ဒကာ ဒကာမတို့ . . . သေမင်းတမန်ပေါ့ဗျာ (မှန်ပါ)၊ မြင်ဖူးပါတယ်လို့ အဖြေထွက်လာတယ်။

နို့-မြင်တဲ့အခါကျတော့ ဩော် . . . ဒီကလေးကလေးဟာ သူပေးလူပေးနဲ့ ကြီးရတယ်၊ သူသူငါငါထူမှ ကြွနိုင်တယ်၊ သူ့ကျင်ကြီး၊ သူ့ကျင်ငယ်တွေနဲ့ လုံးကာထွေးကာနဲ့ ရေလည်း မတောင်းတတ်၊ အစာလည်းမတောင်းတတ်။ ဩော် . . . ဒီအဖြစ်မျိုး ကြောက်လှချည်ရဲ့။ ငါသည်ကားလို့ဆိုရင်ဖြင့် ဒါကလေးမြင်သဖြင့် ဒီဟာမျိုးမဖြစ်ရအောင် သူတော်ကောင်း အလုပ်လုပ်ပါတော့မယ်။ ဒီဒုက္ခဟာလည်း အတော်ကြီးတဲ့ ဒုက္ခပါလား . . .၊ ကိုယ့်လက်ကိုယ့်ခြေပါပါလျက်သားနဲ့ မစွမ်းမသန် ဒုက္ခိတအမှန်မြင်နေတာဟာ တယ်ကြောက်စရာကောင်းပါလား. . . ဆိုပြီးသကာလ အမောင်လူသားသည် ဒါဖြင့် ဒီအမြင် တော့ အဖြစ်မခံဘူးဟေ့၊ ခန္ဓာဇာတ်သိမ်းငြိမ်းရာသွားတဲ့ လမ်းသာလိုက်ပါတော့မယ်ဆိုတဲ့ စိတ်ကလေးများ၊ အမောင်လူသားမှာ မပေါ်ဘူးလား မေးတာပဲ. . . (မှန်ပါ)။

ဒကာကြွယ် မပေါ်ဘူးလားလို့ မေးတယ်၊ ဘယ်သူက မေးပါလိမ့်ဗျာ . . . (ယမမင်းက မေးပါတယ်)။

## ဒီကလေးဘဝမျိုးမဖြစ်အောင်လုပ်မယ်

မေးတဲ့အခါကျတော့ ဒီဒကာ ဒကာမတွေလိုပေါ့ဗျာ၊ ဒီ ဒကာ ဒကာမတွေလိုပေါ့၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်ပြီးသကာလ နေကြတော့ ကလေးမြင်လို့လည်း ဩော်-ဒီကလေးဘဝမှ ကျွတ်အောင် ငါတော့လုပ်မှ ကိုက်မယ်၊ ဒီကလေးအဖြစ်မျိုးဟာ ကိုယ့်ကလေးဖြစ်လည်း အရုပ်ဆိုးတာပဲ တွေ့ရတာပဲ . . . (မှန်လှပါ)။

အဲဒီတော့ ဒီဒုက္ခမှလွတ်အောင် ငါနေပဲ့မယ်လို့ ဒီဒကာ ဒကာမတွေထဲမှာလည်း ဒီစိတ်မျိုးပေါ်တာလည်း ရှာမှ ရှားပေလိမ့်မယ်. . . (ရှားပါတယ်ဘုရား)၊ မရှားပေဘူးလား . . . (ရှားပါတယ်)။

ကလေးကလေးမြင်လို့ရှိရင် ဝတုတ်ကလေး၊ ချစ်စရာ ကလေး၊ ဖြူဖွေးကလေးနဲ့ ဒါပဲ ရှုပ်နေတာပဲ၊ ခင်ဗျားတို့ ဥစ္စာက သံဝေဂကို မပါဘူး. . . (မှန်ပါ)၊ ပါသေးရဲ့လား . . . (မပါပါ ဘုရား)။

ဒီအထဲ ပိုက်ဆံရှိတဲ့ သားသမီးဖြစ်လို့ရှိရင် ခင်ဗျားတို့က ပိုတောင် မြှောက်လိုက်သေးတယ်. . . (မှန်ပါ)၊ အင်း . . . သူ့ကံကလေးကလည် ပစ်ချလိုက်တာ ဒီအထဲရောက်လာ ထူးလိုက်တာ၊ အစရှိသည်နဲ့ ခင်ဗျားတို့လည်း သံဝေဂမရတဲ့ အပြင်မှာ ဒါကလေး မြှောက်တောင်ပေးလိုက်သေးတယ်၊ ကိုယ် စိတ်ထဲကလည်း ကျူပ်တောင် အလကားပေးလို့ရှိရင် ယူချင်သေး

တဲ့ အဓိပ္ပါယ်မျိုး . . . (မှန်ပါ)၊ ဒီကျအောင်ပဲ ဒကာ ဦးလှဖူး ဆိုးနေတယ်. . . (ဆိုးပါတယ်)။

## ဒုက္ခိတဇာတ်မှ လွတ်အောင်လုပ်မယ်

ယမမင်းကြီးက ဒီကလေးကလေး မြင်တဲ့အခါ အမောင် လူသားတဲ့၊ ဒုက္ခိတကလေး ရေလည်းမတောင်းတတ်၊ အစာ လည်းမတောင်းတတ်၊ သူ့ကျင်ကြီး သူ့ကျင်ငယ်၊ သူ့ခြင်းတောင်း ကလေး၊ သူ့အနှီးကလေးနဲ့ လုံးပြီးသကာလနေတဲ့ ဒုက္ခိတ ကလေး။ ဒုက္ခိတဇာတ်မှလွတ်အောင် ခန္ဓာဇာတ်သိမ်းငြိမ်းရာဖြစ် တဲ့ ဝိပဿနာအလုပ်ကို လုပ်ပါမယ်လို့ မင်းစိတ်ထဲမှာများ မပေါ် ဘူးလားကွလို့ မေးတယ် (မှန်ပါ)။

အဲဒီတော့ ယမမင်းကြီးလည်း ကြောက်ရတော့ ဒကာ ကြွယ် ကျွန်တော် မေ့လျော့နေခဲ့ပါတယ်။ ဒီအကြောင်းမပေါ်ခဲ့ပါ ဘူးတဲ့ (မှန်ပါ)။

## သူများဝါးကျွေးမှစားရတဲ့ဘဝ

အဲဒီတော့ မင်းသည်ကားလို့ဆိုလို့ရှိရင် လူပြည်မှာနေတဲ့ ဥစ္စာသည်ကားလို့ဆိုလို့ရှိရင် ဒီခန္ဓာကလေးက ကျွန်တော် ဒုက္ခိတ ပါ၊ ဒုက္ခသစ္စာပါ။ အစာလည်း ကျွန်တော့်ဟာ ကျွန်တော် မတောင်းတတ်ပါဘူး။ သူများဝါးကျွေးမှ စားရတဲ့ ဘဝကလေးဖြစ် ပါတယ်၊ သူများထူပေးမှ ကြွနိုင်ပါတယ်၊ ကျင်ကြီး ကျင်ငယ်တွေ

လည်း သူများရေချိုးပေးမှပဲ. . . လူ့ဘဝဒုက္ခအစဆိုတာ ကျွန်တော်ပါပဲလို့ ဒီကလေးက ပြောပါလျက်သားနဲ့ မင်း ဒုက္ခ လွတ်တဲ့ဉာဏ် မပေါ်တာ မင်းမေ့လှချည်လား . . . စွဲချက်တင် လိုက်တယ်. . . (မှန်ပါဘုရား)။

## မင်းမေ့လှချည့်လားတဲ့

ဒကာ ဒကာမတို့ ဘယ်လိုစွဲချက်တင်လိုက်သလဲ . . . (မေ့တယ်လို့ စွဲချက်တင်လိုက်ပါတယ်)၊ မေ့တယ်လို့ စွဲချက် တင်လိုက်တော့ ဒကာ ဒကာမတို့ စဉ်းစားကြည့်ပါတဲ့၊ မင်းဟာ အဝိဇ္ဇာနဲ့ အချိန်ကုန်လာတယ်. . . (မှန်ပါ)။

ဘာနဲ့ အချိန်ကုန်တာလဲ . . . (အဝိဇ္ဇာနဲ့ အချိန်ကုန်လာ ပါတယ်)။

အဝိဇ္ဇာနဲ့ အချိန်ကုန်ပြီးသကာလ သူသည်ကားလို့ဆိုရင် သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတဲ့ သင်္ခါရအလုပ်ကို လုပ်တယ် . . . (မှန်ပါ)၊ လုပ်လိုက်တဲ့အတွက် သေသည်၏အခြားမဲ့၌ ဟောဒီမှာ ခန္ဓာငါးပါး ဒုက္ခသစ္စာဆိုတဲ့ အပါယ်လေးပါးရောက် လာတယ် . . . (မှန်ပါ)။

အဝိဇ္ဇာသင်္ခါရအလုပ်-လုပ်လာတာနဲ့ ဒကာ ဒကာမတို့ ခန္ဓာငါးပါး ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဒုက္ခသစ္စာမရဘူးလား. . . (ရပါတယ်)။

## အဝိဇ္ဇာနဲ့အချိန်ကုန်ခဲ့တယ်

သူသည်ကားလို့ဆိုရင် အစစ်ခံတုန်းက ကျွန်တော်မေ့တယ်၊ ဒါတွေ သတိမရပါဘူးလို့ မဖြေခဲ့ဘူးလား . . . (ဖြေခဲ့ပါတယ်)၊ အဲ-ဒါ သူ အတိတ်ဘဝက အဝိဇ္ဇာနဲ့ အချိန်ကုန်လာတာ . . . (မှန်ပါ)။

အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရာ) သင်္ခါရာဆိုတော့ ဒကာဒကာမတွေ သားရေး၊ သမီးရေး၊ စီးပွားရေးကို ကာယကံနဲ့သွား၊ ဝစီကံတွေနဲ့ မလုပ်ရဘူးလား (လုပ်ရပါတယ်)၊ ကာယကံနဲ့သွား၊ ဝစီကံနဲ့ပြော မလုပ်ရဘူးလား (လုပ်ရပါတယ်)၊ လှူဖို့ဟန်းပြန်လည်း နောက်ဘဝ ကောင်းတပြီးလှူတဲ့ အလှူတွေကော မလာဘူးလား. . . (လာပါတယ်)။

အဲဒီတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ သူအချိန်ကုန်ခဲ့တဲ့အတွက် ဟော-ဒုက္ခသစ္စာကို သူရပြီ . . . (မှန်ပါ)၊ မရသေးဘူးလား. . . (ရပါပြီ)၊ ဒီမှာစပ်သွားပြီး၊ သင်္ခါရနဲ့ ဝိညာဏ်မစပ်သေးဘူးလား. . . (စပ်ပါပြီ)၊ စပ်သွားတာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန ဖဿဝေဒနာဆိုတာ ဒကာ ဒကာမတွေ ပဋိစ္စသမုပ္ပါဒ် နည်းနဲ့တော့ ငါးပါး. . . (မှန်ပါ)၊ ခန္ဓာ ဖွဲ့လိုက်တဲ့အခါ ခန္ဓာငါးပါး၊ ယခု တရားနာနေတဲ့ ခန္ဓာ ငါးပါးဟာ ဒါတွေပဲ ; . . . (မှန်ပါ)၊ ဒီကြည့် လိုက်စမ်း၊ ဘာ သစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ ဩော်-ဘယ်ကာလများ ကြုံနေပါလိမ့် . . . (ပစ္စုပ္ပန်ပါဘုရား)၊

ဟော-ပစ္စုပ္ပန်၊ ယခု တရားနာရင်း ရနေတာ. . . (မှန်ပါ)၊ တရားနာရင်း ဘာရနေသလဲ. . . (ဒုက္ခသစ္စာရနေပါတယ်)၊ ဒုက္ခသစ္စာရနေတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## နောက်ဘဝကမေ့ခဲ့လို့ပါ

ဩော်-ဘယ့်နှယ်ကြောင့် ဒုက္ခသစ္စာကြီးရနေပါလိမ့်မတုံး မေးတဲ့အခါ နောက်ဘဝက ကျွန်တော် မေ့ခဲ့ပါတယ်၊ မေ့လို့ လုပ်မိလုပ်ရာလုပ်ခဲ့ပါတယ်၊ လုပ်လို့ ကျွန်တော် ဒုက္ခရောက်ပါတယ်. . . (မှန်ပါ)၊ မရှင်းကြသေးဘူးလား . . . (ရှင်းပါတယ်ဘုရား)၊ ကောင်းပြီ၊ ဒီအတိုင်းမှတ်ထားပါ။

ဒါနဲ့ ယမမင်းကြီးက ဒကာ ဒကာမတွေ . . . မင်းဟာကွာ၊ ကလေးကလေးဟာ သေမင်းတမန်တွေ၊ ဒေဝဒူတဆိုတာ သေမင်းတမန်. . . (မှန်ပါ)၊ ဒါကလေးဟာ မင်းကို သတိပေးနေ တာ၊ မင်း ဒီလိုမနေနဲ့၊ ဟောဒီ ဒုက္ခတလေးကို မင်းသည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာကြီးဖြစ်ရလိမ့်မယ်၊ သူ့မြင်သဖြင့် မင်းက ဒုက္ခလွတ်ရာလွတ်ကြောင်းဖြစ်တဲ့ ဝိပဿနာအလုပ်ဖြင့် မင်ဆိုက်ဖိုလ်ဆိုက်လုပ်မှုပဲဆိုတဲ့ ဉာဏ်မပေါ်ဘူးလား. . . လွန်ခဲ့တဲ့ဘဝက ဆိုတော့ ကျွန်တော် မေ့နေတယ်ဆိုတာ ဒါပဲဗျ . . . (မှန်ပါ)။

မေ့ပြီး ဘာလုပ်နေသတုံးဆိုတော့ သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်နေတယ်. . . (မှန်ပါ)၊ ဒါဖြင့် အခု သူ ယမမင်းကြီး

ထံရောက်တော့ ဘာသစ္စာဖြစ်နေသတုံး . . . (ဒုက္ခသစ္စာဖြစ်နေပါတယ်)။

## မေ့တာကအဝိဇ္ဇာ

ကိုင်း-ဒကာ ဒကာမတို့ ဘာသစ္စာနဲ့ နေရသလဲ. . . (ဒုက္ခသစ္စာနဲ့နေရပါတယ်)၊ ငရဲဒုက္ခသစ္စာလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ)၊ မေ့ပြီး သားရေး၊ သမီးရေး၊ စီးပွားရေးဆိုတဲ့ သခ်ါရအလုပ်-လုပ်တယ်၊ မေ့တာက အဝိဇ္ဇာ၊ သားရေး၊ သမီးရေးလုပ်တာက. . . (သခ်ါရပါဘုရား)၊ ဟော-ဒါဖြင့် ဒီမှာ သေသည်၏ အခြားမဲ့၌ ခန္ဓာ ဘယ်နှစ်ပါးရသလဲ . . . (ငါးပါးပါ)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ဘယ်ကာလပါလိမ့်. . . (ပစ္စုပ္ပန်ကာလပါ)၊ ယမမင်းရှေ့ဆိုတော့ ပစ္စုပ္ပန်ကာလ. . . (မှန်ပါ)၊ ယမမင်းရှေ့ရောက်နေပြီ ဒကာ ဒကာမတို့. . . (မှန်ပါ)၊ သဘောပါပလား. . . (ပါပါပြီ)။

ကြောက်စရာကြီးပါလား . . . သိပ်ကြောက်စရာကောင်းတယ်. . . (မှန်ပါ)၊ ဒကာ ဒကာမတွေ အင်မတန်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ)။

## တရားဟောဆရာလို့မှတ်လိုက်စမ်းပါ

ကိုင်း. . . ဒါနဲ့ပဲ မင်းတယ်မေ့တယ်ကွာဆိုပြီး သကာလ ဒါတွေမြင်သဖြင့် ဒီဝိပဿနာအလုပ်လုပ်ပြီး ထွက်ရပ်လမ်းရှာပါ

တော့မယ်၊ ကလေးကလေးတွေဟာ ဒကာ ဒကာမတို့အိမ်မှာ တရားဟော ဆရာလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဒီဒုက္ခကလေးတွေ သူ့ရေနဲ့၊ သူ့ထမင်းနဲ့၊ သူ့ကျင်ကြီးနဲ့ ဘာမှ သူ့သဘောသတ္တိဟာ ခြေလက်စုံငြားသော်လည်း သူ့စွမ်းရည်သတ္တိအကုန်တုံးပါတယ်. . . (မှန်ပါ)၊ မတုံးဘူးလား . . . (တုံးပါတယ်)၊ ခြေကလည်း ဘာအသုံးကျသတုံး. . . (မကျပါဘုရား)၊ မသွားနိုင်ဘူး၊ လက်ဟာကော ဘာယူနိုင်သတုံး (မယူနိုင်ပါဘုရား)၊ ပါးစပ်က ဘာပြောနိုင်သတုံး. . . (ဘာမှ မပြောနိုင်ပါဘုရား)၊ ဒုက္ခိတမှ ဟုတ်ရဲ့လား . . . (ဟုတ်ပါတယ်)။

## ခန္ဓာဉာဏ်ရောက်အလုပ်လုပ်ပါ

အဲဒီ ဒုက္ခိတကလေးကိုမြင်သဖြင့် ဩော်-ဒီဒုက္ခမှ လွတ်အောင် ငါတို့တော့ဖြင့် ဝိပဿနာအလုပ်ဆိုတဲ့ ခန္ဓာဉာဏ်ရောက် အလုပ်လုပ်ပါတော့မယ်ဆိုပြီး မြင်တိုင်း မြင်တိုင်း ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)၊ ဆုံးဖြတ်ချက်မချလို့ရှိရင်ဖြင့် ယမမင်းကြီးက မင်း တယ်မေ့ပါလား. . . ဟုတ်ပါတယ်၊ ကျွန်တော့်မေ့ခဲ့ပါတယ် ဆိုပြီး တာဝန်ခံရှာတယ်. . . (မှန်လှပါ)။

အဲဒီတော့ မင်း မေ့တဲ့အဖြစ်ဟာကွာ . . . ဒီအပါယ်ငရဲ မင်းခံ။ ဒီအကျိုးပေး အပါယ်ငရဲကို မင်း မိန်းမ အစားထိုးလာခံသော်လည်း မရဘူး. . . (မှန်ပါ)၊ အမေ အဖေက အစားထိုးပြီး

ကျွပ် သားဖြင့် - ကျုပ်သား အပါယ်ငရဲမချပါနဲ့ ကျုပ်တို့ပဲ ချပါလို့ အစားထိုးမယ့်သူလည်း မင်းမှာ မလာဘူး၊ ဘုန်းကြီးများ အလုပ်လည်း မဟုတ်ဘူး၊ မင်းအလုပ်ဖြစ်တယ်၊ မင်းလုပ်ခဲ့တဲ့ အလုပ်တွေ၊ မင်းမေ့ခဲ့တဲ့အလုပ်တွေ . . . ၊ သဘောကျပလား . . . (ကျပါပြီ)၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ အလုပ်တွေလုပ်ခဲ့တာ ကိုးဗျ. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဘာလုပ်ခဲ့သတုံး. . . (အဝိဇ္ဇာပစ္စယာ သင်္ခါရာ အလုပ်တွေလုပ်ခဲ့ပါတယ်)။

## လက်ပံပင်ငရဲဆိုတာ

အဝိဇ္ဇာပစ္စယာ သင်္ခါရာအလုပ်တွေ လုပ်ခဲ့ပါတယ်လို့ ဆိုသဖြင့် အဲဒီတော့၊ မင်းရမယ့်အဖြစ်ဟာ မင်းသာခံထိုက်တယ် ဆိုပြီးသကာလ ငရဲသားတွေကလည်း ဘေးက ဝိုင်းနေ၊ ဟိုနား ကြည့်လိုက်ပြန်တော့လည်း ငရဲမီးကတဟုန်းဟုန်းနဲ့၊ ဟိုးနား ကြည့်လိုက်ပြန်တော့လည်း လက်ပံပင် ငရဲကလည်း ဓားတွေ၊ လှံတွေပြုတ်ကျ။ ဟိုနားကြည့်လိုက်တဲ့အခါကျတော့လည်း ကျင်ကြီးပုံ၊ ငရဲထဲမှာလည်း ပိုးတွေ လောက်တွေက တစ်ထောင် လောက်နဲ့၊ ရိုးတွင်းခြင်ဆီ စုပ်စားမည့် ကောင်တွေကလည်း ပြည့်လို့. . . (မှန်ပါ)၊ အဲဒါတွေ မင်းမြင်တော့ အဲဒါဟာ မင်းမေ့ လာတဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ သတ္တိကြောင့် သမုဒယသစ္စာ သာ လုပ်ခဲ့သကိုး. . . (မှန်ပါ)။

ဒီမှာကြည့် သမုဒယသစ္စာသာ လုပ်တယ်. . . (မှန်ပါ)၊ မေ့တယ်ဆိုတာ ဒကာ ဒကာမတွေ ကျုပ်မေးတယ်နော်၊ သည်းခံပါလို့ပြောပေမယ့် အဝိဇ္ဇာပစ္စယာ သင်္ခါရာပဲ၊ သည်းမခံနိုင်ဘူး. . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

## မေ့တယ်ဆိုတာအဝိဇ္ဇာ

ကျုပ်ဟာ ယနေ့တော့ဖြင့် မေ့သွားတယ်၊ ဘုရားရှိခိုးကလေးတောင်မေ့သွားတယ်။ ဆရာဘုန်းကြီး မှာထားတယ်။ ဘုရားရှေ့မှာထိုင်ပြီး ခန္ဓာဉာဏ်ကလေးနဲ့ စိုက်ပါဆိုတာကလေးလည်း မေ့သွားတယ်ဆိုတော့ ဘာပါလိမ့်. . . (အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာ)၊ သင်္ခါရာပစ္စယာ. . . သေသည်၏ အခြားမဲ့၌. . . (ခန္ဓာငါးပါးပါ)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ မေ့တာက ဘာသစ္စာ. . . (သမုဒယသစ္စာပါ)၊ ရတာက. . . (ဒုက္ခသစ္စာပါ)၊ သွားပကော ဒကာ ဒကာမတို့. . . . . . (မှန်ပါ)၊ တောင်းပန်လို့ မရဘူး. . . (မရပါဘုရား)။

ခင်ဗျားတို့ချင်းတော့ဖြင့် ကိုက်ပါတယ်၊ ကျုပ်တော့ မေ့သွားတယ်၊ ဒါကလေးဖြင့် သည်းခံပါ၊ ကျုပ်ပေးပါ့မယ်ဆိုတာကလေး ကျုပ် မပေးမိဘူး . . . ၊ ငွေကလေးဟာ ခင်ဗျားတို့လည်း ကျပ်နေတယ်ဆိုကာ သိပါတယ်၊ ကျုပ်ပေးမလို့ဟာ မေ့မေ့နေတယ်. . . (မှန်ပါ)၊ မေ့တာက ဘာတုံး ဒကာ ဒကာမတို့. . .

(အဝိဇ္ဇာ ပစ္စယာ သင်္ခါရာပါ)၊ သေသည်၏ အခြားမဲ့၌ ခန္ဓာငါးပါး မရဘူးလား . . . (ရပါတယ်)၊ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါ)၊ ကိုင်း - ဒကာ ဒကာမတို့ မေ့ပြစ်တာ ကြီးသလား-သေးသလား . . . (ကြီးပါတယ်ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## မင်းမေ့တာ မင်းသားခံထိုက်တယ်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ အမောင်၏ မေ့ပြစ် သည်ကားလို့ဆိုရင် အမောင်သည်သာလျှင် ခံထိုက်တယ်ဆိုပြီး သကာလ ဆုံးဖြတ်ချက်ချလိုက်တယ်. . . (မှန်ပါ)၊ တစ်ခါတည်း မှိုင်ကျသွားတယ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့၊ ခုနင်က ဖမ်းလာတဲ့ လူပြည်က ကံပစ်ချလို့ ငရဲရောက်လာတဲ့ ပုဂ္ဂိုလ်မှာ စစ်တမ်းကလေး. . . မင်းမေ့တာ မင်းသာ ခံထိုက်တယ်။ မင်းအမေ၊ မင်းအဖေ၊ မင်း သားမယား သားသမီး၊ အဲဒါတွေ ဘာမှ မဆိုင်ဘူး၊ မင်း မေ့တဲ့အပြစ်ဟာ မင်းသာ ခံရမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ် . . . (မှန်ပါ)။

ဘယ်လောက်ကြောက်စရာကောင်းသတုံး. . . (ကောင်း ပါတယ်ဘုရား)၊ ဒကာ ဒကာမတို့ မြင်နေရတာက အကျိုးပေးမှာကလည်း အခု ဒီဂရီချရင် အခု ဒယ်အိုးထဲ ရောက်တော့မယ်ဆိုတာ သူသိနေပြီ. . . (မှန်ပါ)၊ ဘယ်လောက် ဆိုးရွားထားသလဲ. . . (ဆိုးရွားပါတယ်ဘုရား)။

အဲဒါကြောင့် ကလေးမြင်တိုင်းမြင်တိုင်း ယမမင်းကြီး စစ်တာ နားထောင်ပါ. . . (မှန်ပါ)၊ ဒီဒုက္ခလွတ်အောင် ကြိုးစားမဟုဲ့လို့ ဘယ်ကလေးမြင်မြင်၊ ဒီကလေးဟာ ဒုက္ခသစ္စာ ကလေး၊ သူ့ခြေ၊ သူ့လက်၊ သူ့ပါးစပ်၊ သူ့မျက်လုံး၊ ဘာမှ အသုံးချ လို့ မရဘူး. . . . (မှန်ပါ)၊ ရရဲ့လား. . . (မရပါဘုရား)၊ အဲ- ဒုက္ခရောက်နေတာ မသေချာဘူးလား. . . (သေချာပါတယ်)။

## ကလေးမြင်တိုင်း နှလုံးသွင်းပါ

အဲဒီဒုက္ခမှ လွတ်အောင်ဖြင့် ဝိပဿနာအလုပ်ကို၊ ခန္ဓာ ဇာတ်သိမ်းတဲ့အလုပ်ကို လုပ်ပါတော့မယ်ဆိုတာ ကလေး မြင်တိုင်း နှလုံးသွင်းပါ. . . (မှန်ပါ)၊ ချစ်စရာကောင်းနေတာနဲ့၊ ကြင်နာစရာကောင်းနေတာနဲ့ လူလားကလေးများမြောက်ရင် ဘယ်လောက်များ လူချွန်လူမွန်ကလေးဖြစ်လာမတုံးနဲ့ မြှောက်လုံးတွေနဲ့ အချိန်ကုန်မနေပါနဲ့ ဒကာ ဒကာမတို့ . . . (မှန်ပါ)၊ သဘောပါပလား. . . (ပါပါပြီ)။

အခုတော့ ကလေးမြင်ရင် ခင်ဗျားတို့က ကိုယ့်အလုပ် လုပ် ဖြစ်သလား၊ ကလေးပဲ ပွေ့ချင်ချီချင်သလား၊ ဒကာကြွယ်ကြီး ပြီ၊ ရိုးရိုးပဲ ပြောစမ်းပါဦး. . . (ပွေ့ချင်ချီချင်ပါတယ်ဘုရား)၊ တယ်ဆိုးတားကိုး. . . (မှန်ပါ)။

နောက်က ဒကာ ဒကာမတွေကော ပွေ့ချင်ချီချင်သလား၊ သံဝေဂရချင်သလား. . . (သံဝေဂရချင်ပါတယ်)၊ ဒီက ရှေ့ပြောင်းပါ။ နဂိုမူတွေ အကုန်ပြောင်းပါ. . . (မှန်ပါ)၊ ခင်ဗျားတို့က နဂိုမူပြောင်းလို့ရှိရင်လည်း အပါယ်မသွားရမှာ စိုးလို့ တချို့ပုဂ္ဂိုလ်များကလည်း ဩော်-သူ့အဘိုးကလည်း ရိုင်းစိုင်းလိုက်တာ၊ ပွေ့မှ မသွားချင်ဘူးတဲ့. . . (မှန်ပါ)၊ ဒီအဘိုးကြီးတော့ အပါယ်ချတော့မလို့ ဟိုကနေပြီး ချွေးမကဆူနေပြီ. . . (မှန်ပါ)၊ မဆူဘူးလား. . . (ဆူပါတယ်)။

## ဒီဒုက္ခကျွတ်အောင်လုပ်ပါ

အဲဒါတွေ မြောက်ပင့်ပြီးသကာလ မမေးပါနဲ့၊ သူ့အဘွားလာတာ ရွှေဒင်္ဂါးလေး တစ်ပြားမှ လက်ဖွဲ့မသွားဘူးတဲ့။ ရိုင်းစိုင်းလိုက်တာ။ ဘယ့်နှယ်နေသတုံး၊ ဘယ်လို ဘယ်ချမ်းသာအစရှိသဖြင့် မမေ့ဘူး၊ ရိုင်းစိုင်းလိုက်တာလို့ သွားပြီး လုပ်မနေပါနဲ့တဲ့၊ ကိုယ့်ဟာကိုယ် သံဝေဂရအောင် ဒီဒုက္ခမှ ကျွတ်အောင် ငါလုပ်မှပဲဆိုတဲ့ ယမမင်းစစ်တမ်းအတိုင်းသာ လုပ်ပါ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

အမောင် မင်းအပြစ်ကို အမောင်သာလျှင် ခံပေတော့ဆိုတဲ့ဥစ္စာ၊ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်ပါ။ ငါ့ဘဲ့ဟာက အတိတ်ဘဝ. . . (မှန်ပါ)၊ အတိတ်ဘဝက မမေ့ခဲ့ဘူးလား. . .

(မေ့ခဲ့ပါတယ်)၊ မေ့လို့ သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်ချင်တာလုပ်တယ်၊ သေသည်၏ အခြားမဲ့၌ ဘာသစ္စာရသတုံး . . . (ဒုက္ခသစ္စာရပါတယ်)၊ မေ့တာက ဘာသစ္စာတုံး . . . (သမုဒယသစ္စာပါ)၊ ယခု ရောက်ပြီးတွေ့ရမှာက. . . (ဒုက္ခသစ္စာပါ)။

## မေ့ပြစ်ကအင်မတန်ကြီးတယ်

ကိုင်း-ဒကာ ဒကာမတို့ မေ့ပြစ် သေးသလား . . . ကြီးသလား . . . (ကြီးပါတယ်ဘုရား)၊ အင်မတန်ကြီးတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ သားကလေးပွဲ၊ သမီးကလေးပွဲ နမ်းကာ ရှုပ်ကာနဲ့ နေကြတာကို ဘုန်းကြီးတို့က ဝမ်းမသာလို့ မဟုတ်ပါဘူး။ သားကလေး ထွန်းကားလာ၊ သမီးကလေးတစ်ယောက် အညွန့်ပေါက်လာတာဆိုတာကို ခင်ဗျားတို့ကတော့ ဒီအတိုင်းပဲ ပြောကြမှာပဲ။ ယမမင်းစစ်တမ်းကြည့်တော့ ဒါမြင်လိုက်လို့ရှိရင် ဒီအဖြစ်မှ လွတ်အောင် ရုန်းမှာပဲ၊ ကုန်းပြီးသကာလ ကြိုးစားမှာပဲဆိုတာ မင်း ဉာဏ်မပေါ်ခဲ့ဘူးလား မေးတာ. . . (မှန်ပါ)။

ကျွန်တော် မပေါ်ခဲ့ပါဘူးဆိုတော့ အမောင် မေ့လှချည့်လားဆိုတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရကိုပြောတာ. . . (မှန်ပါ)၊

မပြောဘူးလား. . . (ပြောပါတယ်)၊ အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရာပါ)၊ သေသည်၏အခြားမဲ့၌ သင်္ခါရပစ္စယာ . . . (ဝိညာဏံပါ)၊ ဝိညာဏပစ္စယာ . . . (နာမရူပံ)၊ နာမရူပပစ္စယာ . . . (သဠာယတနံ)၊ သဠာယတနပစ္စယာ. . . (ဖဿော)၊ ဖဿပစ္စယာ. . . (ဝေဒနာပါ)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ဘယ်ကာလတုံး. . . (ပစ္စုပ္ပန်ပါ)၊ ပစ္စုပ္ပန်ကာလမှာ ဒုက္ခရောက်ပြီတဲ့၊ မင်း ဒုက္ခရောက်ဖို့သာပြင်တော့တဲ့. . . (မှန်ပါ)၊ ဒါ ငရဲသား လည်း ဒီဥစ္စာ ဒုက္ခရောက်တော့မှာပဲ။

## ၂။ လူအိုကြီးတွေမြင်ဖူးသလား

ဒါနဲ့ပဲ ဒကာ ဒကာမတို့ ကဲ-ဒီအဖြစ်နဲ့ဖြင့် မင်းနေရာမကျသေးဘူး။ ငါ တစ်မျိုးစစ်ပါဦးမယ်ဆိုပြီး မင်းသည်ကားလို့ဆိုရင် လူအိုကြီးတွေ မမြင်ဖူးဘူးလားကွတဲ့၊ မြင်ဖူးပါတယ်ခင်ဗျာ။

ဩော်-အကြောအခြင်တွေကလည်း အပြိုင်ပြိုင်းထကုန်ပြီကွာ။ မှဲ့တွေ၊ တင်းတိပ်တွေကလည်း ရှုပ်လို့။ နံရိုးကြီးတွေကလည်း ကျဲလို့။ ခါးကလည်း ကုန်းလို့၊ အဲဒါမြင်တဲ့အခါ ဒီကုန်းတဲ့ ဒုက္ခဝဋ်မှ ငါလွတ်အောင် ရုန်းမယ်ဆိုတဲ့ဥစ္စာ ဒီလိုမြင်တဲ့အခါ မင်းစိတ်ထဲမှာ ဝိပဿနာအလုပ်လုပ်ပြီး ရုန်းပါတော့မယ်၊ ကန်ပါတော့မယ်၊ ခန္ဓာရတဲ့အလုပ်ဖြင့် မလုပ်တော့ပါဘူးလို့၊ ခန္ဓာရတဲ့ အပြစ်မြင်သဖြင့် ခန္ဓာဝန်မှာ ကျွတ်ချင်တဲ့ ဉာဏ်များ မင့်မှာ မလာဘူးလားတဲ့၊ မေးတာ-မေးတာ ဒကာ ဒကာမတို့ . . . (မှန်ပါ) ဘယ်သူကမေးတာတုံး . . . (ယမမင်းကြီးကပါ)။

## မေ့နေလို့နှလုံးမသွင်းမိပါဘူး

မေးတဲ့အခါကျတော့ ကျွန်တော် နှလုံးမသွင်းမိပါဘူး၊ မေ့နေတယ်. . . (မှန်ပါ)။

ဩော်-အမောင် မေ့တဲ့အပြစ်သည်ကားဆိုလို့ရှိရင်ဖြင့် ဒါပဲ ပြန်ကျတယ် ဒကာ ဒကာမတို့ အဝိဇ္ဇာပစ္စယာ . . . (သင်္ခါရာပါဘုရား)၊ ဘာသစ္စာရသတုံး. . . (ဒုက္ခသစ္စာရပါတယ်)၊ သေသည်၏ အခြားမဲ့၌ ဒုက္ခသစ္စာရတယ်. . . (မှန်ပါ)၊ မေ့ပြစ်သေးသလား . . . (မသေးပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့အတွက်လည်း ကရုဏာ ရှေ့ထားပြီး ဒကာကြွယ် သေသေချာချာပြောနေတယ်. . . (မှန်ပါ)။

## အိုတာ သေမလို့လာတာ

ဒီတွင်မှ ယမမင်းက ဩော်-မင်း ဒုတိယအချက် သေမင်းတမန်တွေ လာတာကိုလည်း အိုတာ သေမလို့လာတယ်ဆိုတဲ့ သေမင်းတမန်တွေလာတာကိုလည်း၊ မင်းကလည်း သတိမရဘူး ဝိပဿနာအလုပ် လုပ်ပါမယ်ဆိုတဲ့ သဘောသွားတွေကလည်း မင်းမှာ မပေါ်လာဘူးဆိုတော့ အမောင် မေ့ချက်ပြင်းခြင်းကြောင့် အမောင့်အကျိုးပေး အမောင်လုပ်လာတဲ့အကြောင်းကို အမောင် အကျိုးပေးနဲ့ အမောင်နေရမှာပဲ. . . (မှန်ပါ)။

အင်း. . . မင်း သမုဒယသစ္စာလုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာ နဲ့ နေပေတော့ ပြောတာ (မှန်ပါ)၊ ရှင်းပလား . . .

(ရှင်းပါပြီ)၊ ဘာသစ္စာလုပ်ခဲ့သတုံး . . . (သမုဒယသစ္စာလုပ်ခဲ့ပါတယ်)၊ ကဲ . . . ဘာနဲ့ နေပေတော့လို့ ဆုံးဖြတ်ချက်ချမလဲ . . . (ဒုက္ခ သစ္စာနဲ့ နေပေတော့လို့ ဆုံးဖြတ်ချက်ချပါတယ်)။

## ဝိပဿနာအလုပ်သာကယ်နိုင်တယ်

ကဲ. . . ဝိပဿနာမလုပ်တဲ့အပြစ်ဟာ ဘယ်လောက်ကြီးသလဲ . . . (ကြီးပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့ သေသေချာချာ သတိပေးပြီး သကာလနေတဲ့ ဥစ္စာကို သေသေချာချာ ကြော်-တို့မှာ ဒီအလုပ်မှတစ်ပါး ကယ်မည့်ယူမည့်သူ မရှိတော့ပါလားဆိုတာ ဒကာကြွယ် ဦးလှဘူး ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)၊ ကြောက်စရာကောင်းလွန်းလို့ ပြောပါတယ် . . . (မှန်ပါ)၊ ရှင်းကြပလား (ရှင်းပါပြီ)။

အဲဒါနဲ့ အမောင် မေ့တဲ့အပြစ်တွေ အမောင်သာလျှင် ဆိုင်တော့တယ်ဆိုပြီး ဒုတိယမေးခွန်း ပြောလိုက်တယ်၊ ဆုံးဖြတ်ချက်ချပေးလိုက်တယ်. . . (မှန်ပါ)။

## ၃။ လူနာကြီးတွေမြင်ဖူးသလား

တတိယမေးခွန်းမေးလိုက်ပါတယ်၊ အမောင် နာတဲ့ ပုဂ္ဂိုလ်များ မတွေ့ဘူးလားတဲ့. . . (မှန်ပါ)၊ ကိုယ့်ရေမှ

ကိုယ်မသောက်နိုင်၊ ကိုယ့်ကျင်ကြီးမှ ကိုယ်မစွန့်နိုင်လို့ သူက သုတ်ရ၊ ငါက ဆေးပေးရနဲ့၊ ဒါတွေ မင်း-မင်းမြင်တဲ့အခါ ဒီခန္ဓာ အပြစ်ဟာ တယ်ဆိုးပါလား. . . ခန္ဓာလွတ်ရာ ဝိပဿနာ အလုပ်၊ နိဗ္ဗာန်ပို့တဲ့အလုပ်ကို ငါလုပ်ပါတော့မယ်ဆိုတာ ဒီလူနာကြီးမြင်သဖြင့် မင်းမလာဘူးလားကွ . . . (မှန်ပါ)၊ သေမင်းတမန်တစ်ယောက်ကို မေးပြန် တယ် (မှန်ပါ)။

ကျွန်တော်မေ့နေပါတယ် (မှန်ပါ)၊ အင်း. . . သူဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာချည့် လုပ်နေတာပဲ (မှန်ပါ)။

ဒါဖြင့် ဘာသစ္စာလုပ်သလဲ . . . (ဒုက္ခသစ္စာလုပ်ပါတယ် ဘုရား)၊ ဒါဖြင့် သေသည်၏အခြားမဲ့၌ ဒီမှာ စပ်သွားတာက ဘာသစ္စာနဲ့ စပ်သွားကြသလဲ (ဒုက္ခသစ္စာနဲ့ စပ်သွားကြပါတယ်)။

ကိုင်း-ဒကာ ဒကာမတွေ ခင်ဗျားတို့ ဒီလိုပေ့ါနေလို့တော် ပ့ါမလား . . . (မတော်ပါဘုရား)၊ လူနာမြင်လို့ရှိရင် အနာမှ လွတ်ကြောင်း ငါကြိုးစားပါတော့မယ်ဆိုပြီး ဝိပဿနာအလုပ်ကို လုပ်ရလိမ့်မယ် (မှန်ပါ)၊ မလုပ်လို့ရှိရင်ဖြင့် အမောင် မေ့ချက် ကောင်းလှချည့်လား၊ သမုဒယသစ္စာကြောင့် မင်းပဲ ဒုက္ခခံပေ တော့ဆိုပြီး ဒကာ ဒကာမတွေ မလာပေဘူးလား (လာပါတယ်)၊ သိပ်ကြောက်စရာကောင်းပါလား၊ (ကောင်းပါတယ်) ရှင်းကြ ပလား . . . (ရှင်းပါပြီ)။

## ခန္ဓာရလို့တွေ့ရတဲ့အပြစ်

ဒါနဲ့ မင်းသည်ကားလို့ဆိုရင် ရာဇဝတ်သင့်တဲ့ ပုဂ္ဂိုလ်များ မင်း မမြင်ဘူးလားကွာ၊ လက်ထိပ်ထိတ်တုံးတွေခတ်လို့ အရိုက်ခံ အနှက်ခံလို့၊ ကြိမ်ဒဏ်တွေပေးလို့၊ ကြိုးတွေပေးလို့ဆိုတာ မင်းမကြားဖူးဘူးလား . . . ကြားဘူးပါတယ်၊ ဒီခန္ဓာရလို့ တွေ့ရ တဲ့အပြစ်တွေလို့ မင်းမသိဘူးလား . . . မသိပါဘူးခင်ဗျားတဲ့။

ဩော်. . . အမောင် မေ့ချက် တယ်သန်ပါလားဆိုတော့၊ ကျွန်တော် သန်ပါတယ်ဆိုတော့ သူ အတိတ်ဘဝ အဝိဇ္ဇာ ပစ္စယာချည့်ဖြစ်နေတယ်. . . (မှန်ပါ)၊ ဒီဘဝ ဘာသစ္စာရသတုံး . . . (ဒုက္ခသစ္စာရပါတယ်)။

ကိုင်း- ဒကာ ဒကာမတို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟာ တယ်ဆိုးပါလား. . . (ဆိုးပါတယ်ဘုရား)၊ ဒကာကြွယ် ပေါ်ပလား . . . (ပေါ်ပါပြီ)။

နောက်ကျတော့ ဒကာ ဒကာမတို့ ဒီဟာမေ့ပြီးသကာ လ မင်း ဒီဟာ လူနာတွေ ပြန်မြင်တော့လဲ မင်းမေ့တယ်ဆိုတော့ မင်းမေ့တဲ့အပြစ် မင်းပဲခံပေတော့၊ မင်းအမေနဲ့ မင်းသားမယားနဲ့ ဘာမှမဆိုင်၊ မင်းဆွေမျိုး ဉာတကာတွေနဲ့လဲ မဆိုင်။ မင်းမေ့ တဲ့ အကြောင်းကို မင်းသည် မေ့သောသမုဒယသစ္စာလုပ်တဲ့ အတွက် ရသောဒုက္ခသစ္စာကို မင်းကိုယ်တိုင်ယူပေတော့. . . (မှန်ပါ)၊ ဒါပဲ အမိန့်ချလိုက်တယ် . . . (မှန်ပါ)။

## ၄။ လူ့သေတွေမြင်ဖူးသလား

သို့သော် ယမမင်းက သနားတာနဲ့ စစ်ပြန်တယ်၊ မင်းကွာ လူသေတွေများ မမြင်ဘူးလားဆိုတော့ မြင်ဘူးပါတယ်ခင်ဗျာ။ တစ်ရက်နှစ်ရက်ဆိုရင် ဖူးဖူးရောင်လို့ အရေတွေတွန့်ပြီး သကာလ သွေးတွေ ပြည်တွေယိုလို့၊ ဒါတွေမြင်တော့ ဩော်-ခန္ဓာရတဲ့ ဥစ္စာသေလမ်းချည့်ပါလား။ မသေလမ်းသွားတဲ့ ဝိပဿနာအလုပ် ငါလုပ်ပါမယ်လို့ အဲဒါများဖြင့် မလာဘူးလားကွ. . . (မှန်ပါ)၊ ဒကာကြွယ် မေးချလိုက်တယ်. . . (မှန်လှပါ)၊ ဘယ်သူက မေးတာပါလိမ့် . . . (ယမမင်းက မေးတာပါ)။

အဲ-မေးလိုက်တဲ့အခါ ကျွန်တော်မေ့နေတယ်ချည့်ဖြေ တယ်. . . (မှန်ပါ)၊ ဘယ်အတွက်ချည့် ဖြေနေသတုံး ဒကာ ဒကာမ တို့၊ ၁-နံပါတ်အတွက်ချည့် ဖြေနေတယ် . . . (မှန်ပါ)။

ဒကာ ဒကာ မတွေ မသာပို့တဲ့အခါကျတော့ မသာလွတ် အောင် လုပ်မယ်လို့လာရဲ့လား . . . (မလာပါဘုရား)၊ ဟာ- ဒီအကွက်ရောက်ပြန်ပြီ၊ ခင်ဗျားတို့လည်း. . . (မှန်ပါ ဘုရား)၊ ဒီအကွက်ရောက်ရင် ဒီအကွက် လွယ်ပါ့မလား . . . (မလွယ်ပါဘုရား)၊ ဒီအကွက်က. . . (ဒုက္ခသစ္စာပါ)။

## အမောင့်အပြစ်ဟာ အမောင်သာဆိုင်တယ်

အဲဒီကဲ့သို့ ငါးချက်လောက်မေးပြီးတော့မှ ဒကာကြွယ် မေးစရာကကုန်၊ သူ့မှာ အမေ့ချည့်ပဲ၊ သူ ပြောတဲ့အသံက ဒီအသံ ချည့်ပဲလာတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာတွေချည့်ဖြေပြီး သကာလနေတော့ - အမောင်-အမောင့်အပြစ်ဟာ အမောင် သာ ဆိုင်တယ်ဆိုပြီး နောက်ထပ် မေးစရာမရှိတော့ ငရဲသားတွေ က တစ်ခါတည်း လေးလက်မလောက်ထူတဲ့ သံပြားကြီးပေါ်မှာ လှဲအိပ်စေပြီးသကာလ အင်မတန် ချွန်လှစွာသော မီးရဲရဲတွေနဲ့ တောက်နေတဲ့ သံမယ်နသံမှိုကြီးတွေနဲ့ ဗိုက်တစ်ချက်ရိုက်လိုက်၊ လက်ဝါးတစ်ချက်ရိုက်လိုက်၊ ဟိုဘက်လက်ဝါးရိုက်လိုက်၊ ခြေထောက်နှစ်ဖက်ရိုက်လိုက်ဆိုတော့ ကားစင်တင်သလို ဖြစ်သွားတယ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဒဏ်ချက် သေးရဲ့လား. . . (မသေးပါဘုရား)။

အဲဒါကို ဘုန်းကြီးများက အမိအဖတွေ၊ မောင်နှမတွေ မတော်ဖူးသူ မည်သည် မရှိခဲ့တဲ့အတွက် ဒကာ ဒကာမတို့ မေ့ပြစ် အတော်ကြီးပါလားဆိုတာ ပြောရတယ်. . . (မှန်ပါ)၊ အဲဒါ မြန်မြန်လုပ်ပါ၊ အသေစောရင် အဲဒီအရင်ရောက်မယ်. . . (မှန်ပါ)၊ မြန်မြန်လုပ်ပါဆိုတာ မတိုက်တွန်းသင့်ဘူးလား. . . (တိုက်တွန်း သင့်ပါတယ်)။

အေး. . . ဒါ့ကြောင့် ခင်ဗျားတို့က ဘယ်နေ့ ဘာရလိမ့်မယ်၊ ဘယ်နေ့ကျတော့ လူဖြစ်ဦးမှာလိုလို၊ ဘယ်ဗေဒင်က ဟောထားလို့ အိုဇာတာကောင်းဦးမှာလိုလိုနဲ့ အဲဒါတွေ မလိုချင်ဘူး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## ဝိပဿနာဘက်ချည့်စိတ်ကရောက်ပါ

ဒါတွေ မလိုချင်ပါဘူး၊ အိုဇာတာတွေ မလိုချင်ပါဘူး၊ ဒကာဒကာမတို့၊ ခင်ဗျားတို့ မြင်တိုင်းမြင်တိုင်း ကလေးမြင်လဲ ဝိပဿနာလုပ်ဖြစ်ဖို့ပဲ။ လူအိုကြီးမြင်ပြန်လဲ. . . (ဝိပဿနာလုပ်ဖြစ်ဖို့ပါ)၊ လူနာကြီးဖြစ်လဲ. . . (ဝိပဿနာလုပ်ဖြစ်ဖို့ပါ)၊ ရာဇဝတ်ကောင်မြင်ရင်ကော. . . (ဝိပဿနာလုပ်ဖြစ်ဖို့ပါ)၊ ရာဇဝတ် သေနေတဲ့ မသာကြီးမြင်ရင်ကော. . . (ဝိပဿနာလုပ်ဖြစ်ဖို့ပါ)၊ အဲဒီငါးချက်ကို မြင်တိုင်းမြင်တိုင်း ဝိပဿနာဘက်ချည့် စိတ်ကရောက်နေ. . . (မှန်ပါ)။

ဝိပဿနာဘက် စိတ်ကရောက်တော့ ဒကာ ဒကာမတို့ ခန္ဓာရှိလိုသေးရဲ့လား. . . (မရလိုပါဘုရား)၊ ခန္ဓာမရှိတော့ ဒကာဒကာမတို့သိတဲ့အတိုင်း ခန္ဓာဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာ)၊ ခန္ဓာမရှိတော့ နိရောဓသစ္စာ. . . (မှန်ပါ)၊ နိရောဓသစ္စာဟာ ဘယ်လက္ခဏာတုံးမေးတော့ ငြိမ်းအေးခြင်း လက္ခဏာရှိတယ်. . . (မှန်ပါ)။ သဘောပါကြပလား. . . (ပါပါပြီ)။

အဲဒီတော့ ငြိမ်းအေးခြင်းလက္ခဏာရှိတဲ့ဆီကို ရောက်စေချင်လွန်းလို့ ဒီ ငါးချက်မြင်တိုင်းမြင်တိုင်း အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ မဖြစ်စေပဲနဲ့ အဝိဇ္ဇာနိရောဓာ သင်္ခါရာ နိရောဓေါဖြစ်ပါစေ. . . (မှန်ပါ)။

ကြည့်လေ အဝိဇ္ဇာနိရောဓာဆိုတော့ သင်္ခါရကော. . . (နိရောဓောပါဘုရား)၊ သင်္ခါရနိရောဓာ. . . (ဝိညာဏနိရောဓော)၊ ဟော-သမုဒယချုပ်လို့ ဒုက္ခချုပ်တယ်. . . (မှန်ပါ)၊ ခန္ဓာလာသေးရဲ့လား. . . (မလာပါဘုရား)၊ ဒါဖြင့် ဒုက္ခနိရောဓော နိဗ္ဗာန်။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။

ဒုက္ခနိရောဓောနိဗ္ဗာန် ဒကာ ဒကာမတွေ အင်မတန်လုံလောက်သွားပြီ. . . (လုံလောက်သွားပါပြီ)။

## လုပ်ဖြစ်အောင် လုပ်ကြစမ်းပါ

အဲဒါကြောင့် ဒကာ ဒကာမတွေ အင်မတန် လုံလောက်သွားတယ်. . . (မှန်ပါ)၊ ဒါ့ကြောင့် ဒကာ ဒကာမတွေ လုပ်ဖြစ်အောင် လုပ်စမ်းပါဆိုတာ သတိပေးလိုက်တယ်. . . (မှန်ပါ)။

ကိုင်း-ဒါဖြင့် ဒီဟာကို အသာထား ဒကာ ဒကာမတွေ၊ အလုပ်ပေးတရားကလေး နည်းနည်းထည့် ပေးပါမယ်။ ယခုတော့ဖြင့် ဒကာ ဒကာမတွေ အပါယ်မရောက်သေးဘူး ပေါ့ဗျာ. . . (မှန်ပါ)၊ ခုနင်က ပုဂ္ဂိုလ်တွေကဖြင့် အပါယ်ငရဲတွေ

အကုန်ခံရုံပဲ ရှိတော့တယ်. . . (မှန်ပါ)၊ လွတ်ရက် အဝေးကြီးဆိုတာသာ မှတ်လိုက်တော့. . . (မှန်ပါ)။

ကဲ. . . ဒီဒကာ ဒကာမတွေတော့ ယခု လူ့ဘဝ ဘာသစ္စာ ရသတုံး. . . (ဒုက္ခသစ္စာရပါတယ်)။

ဩော်. . . ဒါဖြင့် ဒီခန္ဓာကြီးကြည့်လိုက်လို့ရှိရင် ဘာတွေ များ တွေ့မယ်ထင်ကြသတုံး. . . (ဒုက္ခသစ္စာတွေတွေ့မှာပါ)။

ကြည့်လေ-ဒီဟာက ခန္ဓာငါးပါး၊ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာက သစ္စာဖွဲ့လိုက်တော့ ဘာပါလိမ့်. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာဆိုတော့ ဘုန်းကြီးပေး တဲ့ ဉာဏ်နဲ့ကြည့်လိုက်လို့ရှိရင် ဘာတွေ့တွေ့၊ ဘာသစ္စာ တွေ့သလဲ. . . (ဒုက္ခသစ္စာတွေ့ပါတယ်)။

## ဒုက္ခချုပ်လဲနိဗ္ဗာန်

ဒုက္ခသစ္စာပဲတွေ့မယ်ဆိုတော့ သူက ဒုက္ခသစ္စာ။ ဒီနားမှာ အသိဉာဏ်ကလေးက ဘာဖြစ်မလဲ. . . (မဂ္ဂသစ္စာပါ)၊ အသိဉာဏ်ကလေးက မဂ္ဂသစ္စာဖြစ်တော့ ဒီအဆက်ကလေး ပြတ်-မပြတ်. . . (ပြတ်ပါတယ်)၊ ဒီအဆက်ကလေး ပြတ်သွား တယ်ဆိုကတည်းက ဒီထဲမှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ နောက်ထပ်လာသေးရဲ့လား. . . (မလာပါဘုရား)၊ မလာလို့ရှိရင် ဖြင့် သမုဒယချုပ်လဲ နိဗ္ဗာန်ပဲ. . . (မှန်ပါ)၊ ဒုက္ခချုပ်လည်း. . . (နိဗ္ဗာန်ပါ)။

နိဗ္ဗာန်ပဲဆိုတဲ့ဥစ္စာ ဒီနေရာမှာ ဒကာ ဒကာမတို့ မင်္ဂကလေးပေါ်ဖို့ အရေးကြီးတယ်. . . (မှန်ပါ)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

## မဂ်ပေါ်ဖို့ အရေးကြီးတယ်

ဒီနေရာမှာ မဂ်ပေါ်ဖို့ အရေးကြီးတယ်ဆိုတာ သေသေချာချာမှတ်ပါ။ မဂ်ပေါ်ဖို့ အရေးကြီးတယ်ဆိုတော့ ဒကာ ဒကာမတွေ အလုပ်ကလေးကိုလဲ မှတ်ကြစမ်းပါ။ ဒကာ ဒကာမတွေမှာ ထပ်ပြန်တလဲလဲ ပြောတာတောင်မှ မမှတ်မိလို့ ပြန်ပြောတယ်လို့ မှတ်စမ်းပါ. . . (မှန်ပါ)။

ဒကာ ဒကာမတွေ မျက်လုံးဖွင့်လိုက်လို့ရှိရင် မြင်စိတ်ကလေး ပေါ်တယ်. . . (ပေါ်ပါတယ်ဘုရား)၊ အဲဒီတော့ မြင်-မြင်ချင်းတစ်ခါတည်း မဂ်ဝင်အောင် လုပ်ပေး. . . (မှန်ပါ)။

မျက်လုံးဆိုတာ ဒကာ ဒကာမတွေ သဠာယတနထဲက စက္ခာယတနဆိုတာပဲ. . . (မှန်ပါ)၊ ဒီထဲမှာလဲ မနာယတနဆိုတဲ့ စက္ခုဝိညာဏ်လည်းဆိုတာပဲ. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။

## မြင်စိတ်ပေါ်ရင် ဖြစ်ပျက်ရှု

အဲဒီမြင်စိတ်ကလေးပေါ်လာလို့ရှိရင်လဲ ဒီကနေ့ချက်ချင်း

မဂ်ဆိုက်တာပေါ့။ ဩော်. . . ဒီမြင်စိတ်ကလေးဟာ ဖြစ်ပြီး ပျက်တာပဲလို့ ဒီက သိသိပေး. . . (မှန်ပါ)၊ သိပေးရင် သမုဒယ လာသေးသလား. . . (မလာပါဘုရား)၊ ဒုက္ခလာသေးရဲ့လား . . . (မလာပါဘုရား)၊ ဩော်-သမုဒယချုပ်လည်း နိဗ္ဗာန်၊ ဒုက္ခချုပ်လည်း -နိဗ္ဗာန်ပါ။

အဲဒါကြောင့် ဒကာ ဒကာမတို့ မြင်စိတ်ကလေးပေါ်လဲ ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ နားထဲမှာ ကြားစိတ် ကလေးပေါ်ကော. . . (ဖြစ်ပျက်ရှုရပါမယ်)။

ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်က ဖြစ်ပျက်။ ဖြစ်ပျက်က ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ဒီမှာ ပါနေတယ်၊ ကြားစိတ် ကလေးဟူသရွေ့ဟာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊ ရှုတာ ကလေးက ဒီနားမှာ ရှုလိုက်တော့ ဘာတုံး. . . (မဂ္ဂသစ္စာပါ)၊ မဂ္ဂသစ္စာဖြစ်သွားတော့ ဒီအဆက်ကို ဖြတ်လိုက်တယ်။ မဖြတ် သေးဘူးလား. . . (ဖြတ်ပါတယ်)၊ ဖြတ်တယ်ဆိုတာ သေချာ ပလား. . . (သေချာပါပြီ)။

## နံ့စိတ်ကို ဖြစ်ပျက်ရှု

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့၊ နှာခေါင်းထဲ နံ့တဲ့စိတ် ကလေး ပုဂ်ဂိုဂ်တာ၊ ညှီလိုက်တာ၊ မွှေးလိုက်တာဆိုတာ သိစိတ်ကလေး မပေါ်ဘူးလား. . . (ပေါ်ပါတယ်)၊ အဲဒီစိတ် ကလေး ဘာလုပ်မယ်. . . (ဖြစ်ပျက်ရှုရပါတယ်)။

သိစိတ်ကလေး ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာ ရှုပေး. . . (မှန်ပါ)၊ ဒီရှုတဲ့ ဉာဏ်ကလေးဟာ . . . (မဂ္ဂသစ္စာပါ)။

မေ့ဆိုတာ ကိုယ်ပျိုးထားတဲ့ စိတ်တွေကို ပြန်ပြီး သတိမရတာ မေ့တယ်ခေါ်တယ်၊ သဘောကျပလား. . . (ကျပါပြီ)။

## စားစိတ်ကို ဖြစ်ပျက်ရှု

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ လျှာပေါ်မှာ မနက်က ထမင်းစားကြတယ်၊ စားစိတ်ကလေးတွေဟာ အချဉ်စားလဲ အချဉ်သိတဲ့စိတ်ပေါ်တာပဲ. . . (မှန်ပါ)၊ အချိုစားလဲ. . . (အချိုသိတဲ့စိတ်ပေါ်ပါတယ်)၊ အစပ်ကလေးစားလဲ (အစပ်သိတဲ့ စိတ်ပေါ်ပါတယ်)၊ အဲဒီ သိတဲ့စိတ်ကလေး ဘာလုပ်ကြမယ်၊ (ဖြစ်ပျက်ရှုရပါတယ်)၊ သိတဲ့စိတ်ကလေး ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊ ရှုတဲ့ဉာဏ်က-(မဂ္ဂသစ္စာပါ)။

ဒါဖြင့် ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာလိုက်တော့ သမုဒယ သစ္စာသေတယ် (သေပါတယ်)၊ နောက် ဒုက္ခလာသေးရဲ့လား . . . (မလာပါဘုရား)၊ ဒါဖြင့် ဒုက္ခနိရောဓ နိဗ္ဗာန် (မှန်ပါ)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဖြစ်ပျက်ရှုတာက မဂ္ဂသစ္စာ

ဒါဖြင့် ကိုယ့်စိတ်ကိုယ်ရှုရမှာပေါ့. . . (မှန်ပါ)၊ ကဲ. . . ကိုယ်ပေါ်ယားတဲ့ စိတ်ကလေးဟာလဲ ဘာလုပ်မလဲ. . . (ဖြစ်ပျက်ရှု ရပါတယ်)၊ ယားစိတ်ကလေးဟာ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)၊ ဖြစ်ပျက်ရှုတာက. . . (မဂ္ဂသစ္စာပါ)၊ ဟာ. . . ဒီအဆက်မပြတ် ဘူးလား ပြတ်သလား. . . (ပြတ်ပါတယ်)၊ ပြတ်ရင် ဒီသမုဒယ လာသေးရဲ့လား. . . (မလာပါဘုရား)၊ ဒါဖြင့် တဏှာနိရောဓေ. . . (နိဗ္ဗာန်ပါ)၊ ဒုက္ခနိရောဓေ. . . (နိဗ္ဗာန်ပါ)၊ နိဗ္ဗာန်ဟာ ဝေးသလား၊ ကဲ. . . (မဝေးပါဘုရား)၊ အင်မတန် နီးတယ်ဆိုတာ မပေါ်သေး ဘူးလား . . . (ပေါ်ပါပြီ)။

## ယမမင်းထံအစစ်ခံဖို့ မလိုတော့ဘူး

အေး. . . ဒါတော့ ဒီလိုမမေ့တဲ့ ပုဂ္ဂိုလ်ကျတော့ ကျွန်တော် မေ့ခဲ့ပါတယ်ဆိုပြီး ယမမင်းထံ အစစ်ခံဖို့ လိုသေးသလား. . . (မလိုပါဘုရား)၊ မမေ့တဲ့ ပုဂ္ဂိုလ်ဟာ ယမမင်းဆီ အစစ်ခံဖို့ရောက်ကို မရောက်ဘူး. . . (မှန်ပါ)၊ ခန္ဓာကိုယ်မပေါ်လာလို့ ခန္ဓာချုပ်ငြိမ်းရုပ်သိမ်းတယ်၊ ခန္ဓာက ဒုက္ခသစ္စာ၊ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်သာလျှင် သူက ရောက်သောကြောင့် မမေ့တဲ့ပုဂ္ဂိုလ် ရောက်ပါတယ်၊ သဘောကျပလား. . . (ကျပါပြီ)။

## မမေ့တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်ပါတယ်

မမေ့တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်ပါတယ်. . . (မှန်ပါ)၊ မေ့တဲ့ ပုဂ္ဂိုလ်သည် သမုဒယသစ္စာမို့ ဒုက္ခသစ္စာအကျိုးပေးရပါတယ် . . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ကဲ. . . ဒါက အပြင် ညော့်သည်ငါးယောက်။ ယားလဲ့ရှု၊ ယံလဲ့ရှု၊ နာလဲ့ရှု၊ ကောင်းလဲ့ရှု၊ ကိုယ်ပေါ်မှာလေ. . . (မှန်ပါ)၊ ဖြစ်ပျက်တာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ရှုတာက- (မဂ္ဂသစ္စာ ပါ)၊ သေတာက သမုဒယသစ္စာ. . . (မှန်ပါ)၊ ဒီဘက် ရောက်မှာက သမုဒယရှိတဲ့အတွက် နိရောဓ ဖြစ်မယ် . . . (မှန်ပါ)။ ဒုက္ခနိရောဓော နိဗ္ဗာနံ. . . (မှန်ပါ)၊ မပေါ်သေးဘူး လား. . . (ပေါ်ပါပြီ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ရှုရင် နိဗ္ဗာန် မဝေးပါဘူး. . . (မှန်ပါ)၊ ဝေးကြ သလား . . . (မဝေးပါဘုရား)။

အေး-ဒါ့ကြောင့် ဒုက္ခကြွယ်ရေ-ကိုယ့်စိတ် ကိုယ်ရှုရ တာ အဖိုးတန်လိုက်တာ. . . (မှန်ပါဘုရား)။

ကိုင်း-ဒါဖြင့် အပြင် ညော့်သည်ငါးယောက် ရှုပြီးပြီ. . . (မှန်ပါ)။

## ဘာပေါ်ပေါ် ဖြစ်ပျက်ရှု

အတွင်းညော့်သည်ငါးယောက်က ဝမ်းထဲမှာ လောဘ

စိတ်ပေါ်လဲ ပေါ်လာရင် မှန်းပြီး ဖြစ်ပျက်ရှု. . . (မှန်ပါ)၊ ဒေါသ စိတ်ကလေးပေါ်လာရင်ကော. . . (ဖြစ်ပျက် ရှုပါတယ်)၊ မောဟစိတ် ကလေးပေါ်လာရင်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ လှူချင် ပေးချင် ကမ်းချင် တန်းချင်တဲ့ အလောဘစိတ်ပေါ်လာရင် . . . (ဖြစ်ပျက်ရှုရပါမယ်)၊ သူတစ်ပါးသနားတဲ့ မေတ္တာဂရုဏာ ပေါ်လာရင်. . . (ဖြစ်ပျက်ရှုရပါတယ်)။

## အတွင်းဧည့်သည်လဲဖြစ်ပျက်ရှု

အဲ-အတွင်းဧည့်သည် ငါးယောက်လာလဲ ဖြစ်ပျက်ရှု ဆိုတော့ အဲဒီစိတ်တွေပဲ မဟုတ်လား. . . (မှန်ပါ)၊ အဲဒီ စိတ်တွေ က ဒီမနာယတနထဲမှာ စိတ်ပဲ. . . (မှန်ပါ)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ ရှုတာက. . . (မဂ္ဂသစ္စာပါ)၊ ဒါဖြင့် ဒုက္ခကို မဂ္ဂနဲ့သိတာ. . . (မှန်ပါ)၊ ဒါ့ကြောင့် သမုဒယသေသောကြောင့် ဒုက္ခနိရောဓော နိဗ္ဗာန်ဖြစ်တယ်. . ် (မှန်ပါ)၊ မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်)၊ သူများပြောလား၊ အမြင်လား. . . (အမြင်ပါ ဘုရား)၊ ဒါဟာ ဒကာသစ် သံသယရှိဖို့ လိုသေးသလား. . . (မလိုပါဘုရား)။

ကိုင်း-ဒါဖြင့် အခု ဆယ်ခုရှိသွားပြီ၊ အပြင် ဧည့်သည် ငါးယောက်၊ အတွင်းဧည့်သည့်ငါးယောက်နော်. . . (မှန်ပါ)။

## အိမ်သည့်နှစ်ခုဖြစ်ပျက်ရှု

အိမ်သည်နှစ်ခုက ဒကာ ဒကာမတို့ လေထုတ်တဲ့စိတ် . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ လေပြန်အရှိုက်ကကော စိတ်မရှိဘူးလား. . . (ရှိပါတယ်)၊ အဲဒါဟာ သူများမရှိရင်သက်စောင့်။ ဘယ်အခါ မဆိုရှိတယ်. . . (မှန်ပါ)၊ သူများရှိရင် သူက စောင့်နေတယ်. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် လေထုတ်တဲ့ စိတ်ကလေးလာလဲ ဒကာသစ်ဘာလုပ်မလဲ. . . (ဖြစ်ပျက်ရှုရပါတယ်)၊ လေသွင်းတဲ့စိတ်ကလေး လာရင်ကော. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဒါက သူများမရှိရင် သူရှုနေ. . . (မှန်ပါ)။

## အပြင်ညှော်သည် အတွင်းညှော်သည်

ခုနင်က အပြင်ညှော်သည်စိတ် လာရင်ကော. . . (အပြင်ညှော်သည် ရှုရပါမယ်)၊ အပြင်ညှော်သည် ပျောက်သွားပြန်ပြီ ဒကာသစ်ရေ အိမ်သည်နှစ်ခုကို ရှုပါ၊ သဘောကျပလား. . . (ကျပါပြီ)။

ကဲ. . . အတွင်းညှော်သည် ပေါ်ပြီကွာ၊ မောင်ဘသော်ဘာလိုက်မယ်. . . (အတွင်းညှော်သည်ပဲ လိုက်ရပါမယ်)၊ သူမရှိပြန်ဘူး၊ ဘယ်လိုက်ကြမယ်။ (အိမ်သည်လိုက်ရပါမယ်)၊

အိမ်သည် နှစ်ခုပဲ လိုက်ပေးပါ. . . (မှန်ပါ)၊ အိမ်သည်နှစ်ခုဆိုတာ လေထုတ်တဲ့စိတ်၊ လေကို ပြန်ရိုက်တဲ့စိတ်. . . (မှန်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## အားထုတ်တဲ့စိတ်ကိုရှု

အဲဒီနှစ်ခုကို ရောက်သည်နဲ့တစ်ပြိုင်နက်တည်းလေ မရှုပဲနဲ့ လေကိုဖြစ်စေတဲ့ စိတ်ကလေးရှုပေး. . . (မှန်ပါ)၊ လေပြန်ရိုက်ပေမယ့်လဲ လေကို မရှုနဲ့၊ အားထုတ်တဲ့ စိတ်ကလေးကို ရှုပေးပါ. . . (မှန်ပါ)၊ သူတို့ကို ရှုရင်း အိမ်သည်ပေါ်ရင် မောင်ဘသော် အိမ်သည်လိုက်။ ဧည့်သည်ပေါ်ရင်. . . (ဧည့်သည်လိုက်ရပါမယ်)၊ သဘောကျပလား. . . (ကျပါပြီ)၊ အတွင်း ဧည့်သည်ပေါ်ရင်. . . (အတွင်းဧည့်သည်လိုက်ရပါမယ်)၊ အတွင်းဧည့်သည်မရှိရင် ဘာလုပ်မယ် . . . (အိမ်သည်နှစ်ခုပါ)၊ လေထုတ်တဲ့ စိတ်နဲ့၊ သွင်းတဲ့စိတ်ကို ရှုပါ . . . (မှန်ပါ)။

တစ်ခါ အပြင်ဧည့်သည့်ပေါ်လာပြီ၊ ဘယ်လိုက်ကြမယ် . . . (အပြင်ဧည့်သည် လိုက်ပါမယ်)၊ အပြင် ဧည့်သည်မရှိပြန်ဘူး၊ ဘယ်လိုက်မယ်. . . (အိမ်သည်နှစ်ခုကို လိုက်ပါမယ်)။

## သမုဒယချုပ်တယ်၊ ဒုက္ခသိမ်းတယ်

အိမ်သည်နှစ်ခုကို ဆက်ရှုနေတယ်ဆိုတော့ ဒကာ

ဒကာမတွေ ဖြစ်ပျက်-မင်္ဂ။ ဖြစ်ပျက်-မင်္ဂ။ ဖြစ်ပျက်-မင်္ဂချည့် မသွားဘူးလား. . . (သွားပါတယ်)၊ သမုဒယချုပ်မှ ချုပ်ပဲ့ မလား. . . (ချုပ်ပါတယ်)၊ ဒုက္ခကော မသိမ်းပေဘူးလား. . . (သိမ်းပါတယ်)။

ဒါဖြင့် ဒကာကြွယ်-ဒီအလုပ်ဟာ စိတ္တာနုပဿနာ ဆိုပါလား. . . (မှန်ပါ)၊ ပဋိစ္စသမုပါဒ် ပြတ်-မပြတ်. . . (ပြတ်ပါတယ်)၊ ၂-နံပါတ်က ဒကာ ဒကာမတို့ ၃-နံပါတ် ကူးသေးသလား. . . (မကူးပါဘုရား)၊ ဒီမှာ မင်္ဂပေါ်ပေ့. . . (မှန်ပါ)၊ ကူးနိုင်သေးရဲ့လား. . . (မကူးနိုင်ပါဘုရား)။

ဖြစ်ပျက်မင်္ဂဆိုတော့ မင်္ဂသည် ကိလေသာဖြတ်တယ်ဆိုတော့ တဏှာဥပါဒါန်ကံတွေ မဖြတ်ဘူးလား. . . (ဖြတ်ပါတယ်)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## ငရဲကလွတ်မည့်အလုပ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ဒီအလုပ်မှ တစ်ပါးဖြင့် ငရဲက လွတ်စရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲဒီတော့ ဘာ့ကြောင့် ဆရာဘုန်းကြီးက စိတ္တာနုပဿနာ အရေးတကြီး ပြောရပါလိမ့်မလဲလို့မေးတော့ ဒကာသစ်တို့ ခဏခဏကြားရပါတယ်၊ ငါ့စိတ် မစမ်းနဲ့တဲ့၊ ဒိဋ္ဌိက စိတ်ပေါ်မှာ ပါပါနေတယ်. . . (မှန်ပါ)၊ မပါဘူးလား. . .

(ပါပါတယ်)၊ ငါမြင်တယ်ဆိုတော့လဲ မြင်စိတ် ငါမစွဲဘူးလား. . . (စွဲပါတယ်)၊ ငါကြားတယ်ဆိုတော့ကော. . . (ကြားစိတ်ငါစွဲပါတယ်)၊ ငါ့နှာခေါင်းနဲ့ငါ ရှူနေတာကွဆိုတော့. . . (နံ့စိတ်ငါစွဲပါတယ်)၊ သူများ နှာခေါင်းနဲ့ ငါအသက်မရှူဘူးကွတဲ့၊ အံမာ-ယောကျ်ားများက လာသေးတယ်. . . (မှန်ပါ)၊ မလာဘူးလား . . . (လာပါတယ်)။

## ဒိဋ္ဌိသတ်တရား

ဒကာကြွယ်၊ မသန်း နှာခေါင်းနဲ့ အသက်ရှူသလား၊ ကိုယ့်ဟာကိုယ် ရှူသလား. . . (ကိုယ့်ဟာကိုယ် ရှူပါတယ်)၊ စိတ်ဆိုး လာတဲ့အခါ ဒီအသံကလေး မထွက်ဘူးလား . . . (ထွက်ပါတယ်)၊ မင်းမရှုပ်စမ်းပါနဲ့၊ ငါ့နှာခေါင်းနဲ့ငါ အသက်ရှူနေတာပါကွာ. . . (မှန်ပါ)၊ အံမာ-ရှူစိတ် ရှိုက်စိတ်ကို ငါစွဲထားတယ်. . . (စွဲပါတယ်ဘုရား)။

ဒါ့ကြောင့် ဒိဋ္ဌိသတ် တရားလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

## သောတာပန်တည်ချင်ရင် ဒိဋ္ဌိသတ်

အဲ-သောတာပန်တည်ချင်ရင် ဒိဋ္ဌိကို သတ်ရမယ်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်ချင်ရင် တဏှာကို သတ်ရ

မယ်. . . (မှန်ပါ)၊ အသတ်မလွဲပါစေနဲ့ဆိုတာ သတိပေးရပါတယ် . . . (မှန်ပါ)၊ မပေးရင် တော်ပါ့မလား. . . (မတော်ပါဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ရှုတာသည် ဘာသေစေချင်ပါလိမ့်. . . (ဒိဋ္ဌိသေစေချင်လို့ပါဘုရား)။

ကဲ. . . ဒါဖြင့် ကြည့်လိုက် သေ-မသေကြည့်။ ဒကာ ဒကာမတို့ ဒီဟာ စက္ခု သောတ ဃာန ဇိဝှာ ကာယမနဆိုတဲ့ အထဲ မနဆိုတာ စိတ်. . . (မှန်လှပါ)၊ ဘယ်စိတ်ပေါ်ပေါ် ဒကာ ဒကာမတို့ အပြင် ဧည့်သည်ငါးယောက်ပေါ်လည်း ရှုမှာပဲ။ အပြင်ဧည့်သည်က ဖြစ်ပျက် ရှုတာက. . . (မင်္ဂပါဘုရား)။

အဲဒီတော့ ဒီစိတ်ပေါ်မှာ ဖြစ်တာနဲ့ ပျက်တာ မြင်သဖြင့် ငါဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)၊ ဒါဖြင့် ဒိဋ္ဌိ မသေဘူးလား. . . (သေပါတယ်ဘုရား)။

## ဖြစ်ပျက်မြင်တော့ ဒိဋ္ဌိကွာတယ်

ဖြစ်တာပျက်တာသာရှိတယ်၊ ငါ့စိတ် ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘုရား)၊ ငါ ကြားတာကော. . . (မဟုတ်ပါဘုရား)၊ ငါ နံတာကော. . . (မဟုတ်ပါဘုရား)၊ ငါစားတာကော. . (မဟုတ်ပါဘုရား)၊ ငါယားတာ ငါကောင်းကောင်းစားတာကော. . . (မဟုတ်ပါဘုရား)၊ ငါ့လောဘနဲ့ ငါလို့ကော ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား) ငါ့ဒေါသနဲ့ ငါ . . .

(မဟုတ်ပါဘုရား)၊ ငါ့မောဟနဲ့ ငါ. . . (မဟုတ်ပါဘုရား)၊ မဟုတ်တော့ဘူးတဲ့၊ ဖြစ်ပျက်မြင်တော့ ဒိဋ္ဌိကွာတယ်. . . (မှန်ပါ)။

ဒါဖြင့် ဖြစ်ပျက် ဒိဋ္ဌိသတ်တဲ့မဂ်. . . (မှန်ပါ) ဆိုတော့ ဒီက ဒိဋ္ဌိလာသေးရဲ့လား. . . (မလာပါဘုရား)၊ ဒိဋ္ဌိမှ မလာပဲနဲ့ ဒိဋ္ဌုပါဒါန်ကော. . . (မလာပါဘုရား)၊ ဒိဋ္ဌုပါဒါန်မှ မဟုတ်ပဲနဲ့ အပါယ်ရောက်စေတဲ့ ကံကော. . . (မလာပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိသေတယ်၊ ဒိဋ္ဌုပါဒါန် သေတယ်၊ ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံသေသောကြောင့် ဒီမှာ အပါယ် ပဋိသန္ဓေဇာတိ ဇရာ မရဏ လာသေးရဲ့လား. . . (မလာပါဘုရား)၊ အင်မတန် အဖိုး တန်မသွားဘူးလား. . . (တန်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အပြင်ဧည့်သည်က ဘယ်နှစ် ယောက်. . . (ငါးယောက်ပါ)၊ အတွင်းဧည့်သည်က (ငါးယောက် ပါဘုရား)၊ အိမ်သည်က. . . (နှစ်ယောက်ပါဘုရား)၊ ဒါဖြင့် အိမ်သည် နှစ်ခု အမြဲရှု-ဧည့်သည်ကို ပေါ်မှလိုက်. . . (မှန်ပါ)၊ ဧည့်သည်မရှိရင် ဘယ်ပြန်ထိုင်မယ်. . . (အိမ်သည်ပြန်ထိုင် ရပါမယ်)၊ သေချာပလား. . . (သေချာပါပြီဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကိုရှု. . . (မှန်ပါ)၊ ကိုယ့်သန္တာန်ပေါ်တဲ့ စိတ်ကို ကိုယ်ရှုပါ. . . (မှန်ပါ)၊ ရှုလိုက်တဲ့အခါကျတော့ မေ့တဲ့ သဘောလား၊ ကိုယ့်အသေ ကိုယ်မြင်တဲ့သဘော. . . (ကိုယ့်

အသေကိုယ်မြင်တဲ့ သဘောပါဘုရား)၊ စိတ်တစ်ခုနဲ့သာ အသက်ရှင်တာကိုးဗျ. . . (မှန်ပါ)။

စိတ်တစ်ခုနဲ့ အသက်ရှင်တော့ ဒကာ ဒကာမတို့ ဒီစိတ်ကလေးတွေ ပျက်တာမြင်သဖြင့် ဩော်-မိမိခန္ဓာသည် ဖြစ်ပြီးပျက်တဲ့ အနိစ္စပါလားဆိုတာ ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်က အနိစ္စ။ သိတာက. . . (မဂ္ဂပါဘုရား)၊ သေတာက ဒိဋ္ဌိသေတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒိဋ္ဌိသေတော့ ဒိဋ္ဌုပါဒါန်ကော. . . (သေပါတယ်)၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော. . . (သေပါတယ်ဘုရား)၊ ဒါဖြင့် ဘာသစ္စာချုပ်သလဲ. . . (သမုဒယသစ္စာချုပ်ပါတယ်)၊ သမုဒယချုပ်တော့ ဒီကဒုက္ခ လာသေးရဲ့လား. . . (မလာပါဘုရား)၊ ဒါဖြင့်ဒုက္ခနိရော ခေါ်နိဗ္ဗာန်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ အလုပ်ကောလုပ်တတ်ကြပလား. . . (လုပ်တတ်ပါပြီ)။

ဒီအလုပ်လုပ်တော့ မေ့တဲ့ပုဂ္ဂိုလ်ဟာ လုပ်ဖြစ်သလား၊ မမေ့တဲ့ပုဂ္ဂိုလ်မှလား. . . (မမေ့တဲ့ ပုဂ္ဂိုလ်မှာပါဘုရား)။

ဒါဖြင့် မမေ့တော့ကို ဒကာ ဒကာမတို့ ဒီအထဲမှာ မဂ်ဝိဇ္ဇာဖြစ်ပါတယ်. . . (မှန်ပါ)၊ ဒါဖြင့် ဝိဇ္ဇာဥဒပါဒိ. . . (မှန်ပါ)။

ရှုတဲ့ဉာဏ်ကလေးဟာ ဘာပါလိမ့်. . . (ဝိဇ္ဇာဥဒပါဒိပါဘုရား)။

အာလောကော ဥဒပါဒိတဲ့ ဒကာ ဒကာမတို့၊ ဒီဖြစ်ပျက် ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိပါပြီ. . . (မှန်ပါ)။

## ယမမင်းရှေ့အစစ်မခံရတော့ဘူး

ဉာဏံဥဒပါဒိတဲ့။ ဒါ ဒုက္ခသစ္စာလို့သိတဲ့ ဉာဏ်ကောရှုတဲ့ ဥစ္စာ မပါသေးဘူးလား. . . (ပါပါတယ်)၊ ဉာဏံဥဒပါဒိ ဆိုတော့ လဲ ဒကာ ဒကာမတို့ ရှုတာဟာ ဉာဏ်ပဲ မဟုတ်လား. . . (မှန်ပါ)၊ မေ့တာကို ပါသေးရဲ့လား. . . (မပါပါဘုရား)၊ မမေ့တဲ့ပုဂ္ဂိုလ်ကျ တော့ ယမမင်းရှေ့ အစစ်ခံရသေးရဲ့လား . . . (မခံရပါဘုရား)၊ ဘာ့ကြောင့် မခံရပါလိမ့်မတုံးဆိုတော့ အပါယ်လေးပါး မရောက်လို့. . . (မှန်ပါ)။

အပါယ်လေးပါးရောက်အောင်လုပ်တာက ဒိဋ္ဌိ၊ ဒိဋ္ဌိ ပါဒါန် ကမ္မဘဝ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါတွေ မသေသေးဘူးလား. . . (သေပါတယ်)၊ မမေ့တဲ့ ပုဂ္ဂိုလ်မှာဖြင့် သေပါတယ်။

မေ့တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒကာ ဒကာမတို့ မသေဘူးဆိုတာ ရှင်းပလား. . . (ရှင်းပါပြီ)၊ သဘောပါကြပလား. . . (ပါပါပြီ ဘုရား)။

ကိုင်း. . . ယနေ့ ဒီတွင် တော်ကြစို့။

သာဓု. . . သာဓု. . . သာဓု. . . ။